# မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၃၂၂)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်

၂၀၁၄ ခုနှစ်၊ ဩဂုတ် ၂၃ ရက်၊ စနေနေ့။


**ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့**

# ပြည်သူများကို အမြန်ဆုံးအကျိုးပြုနိုင်မည့် (QuickWin) ရရှိနိုင်သောလုပ်ငန်းများရွေးချယ်

## (Third wave)တွင်အရှိန်မြှင့်တင်ပြီး အောင်မြင်အောင်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၂

**ပြည်ထောင်စု အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမလေးလပတ်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေး၌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတို့မှ ဦးစီးအဖွဲ့ဥက္ကဋ္ဌများက ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ မြေယာစီမံခန့်ခွဲရေးကိစ္စများနှင့်စပ်လျဉ်း၍ ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့များ ၏ တင်ပြချက်အပေါ် ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

- မိမိတို့သန္နိဋ္ဌာန်ချထားသည်မှာ နောက်ကြောင်း ပြန်မလှည့်ဘဲရှေ့သို့သာသွားမည်ဆိုသည့် Move Forward အချက်ပင်ဖြစ်၊
- နောက်ကြောင်း ပြန်မလှည့်ရအောင်လည်း ဥပဒေနှင့်အညီ လုပ်သင့်လုပ်ထိုက်သည်မှန်သမျှ အကုန်လုပ်ကြရမည်၊
- ယုံယုံကြည်ကြည်၊ ရဲရဲဝံ့ဝံ့လုပ်ကိုင်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမလေးလပတ်အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

နိုင်ငံတော်သမ္မတက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရသက်တမ်း ငါးနှစ်တွင် သုံးနှစ်ကျော် ကုန်လွန်သွားခဲ့ပြီ ဖြစ်ပါကြောင်း၊ လက်ကျန်ကာလသည် တစ်နှစ်ကျော်သာ ကျန်ရှိသည့်အတွက် ကျန်ရှိသောကာလအတွင်း မိမိတို့ လုပ်စရာရှိသည့် လုပ်ငန်းများကို အားသွန်ခွန်စိုက် အရှိန်အဟုန်ပြင်းပြင်းဖြင့် လုပ်ကိုင်ကြရန်လိုအပ်ပါကြောင်း။

ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုတွင် ပြည်သူများ၏ ဆန္ဒ၊ လိုအပ်ချက်၊ မျှော်လင့်ချက်များသည်အလွန်များပါကြောင်း၊ လိုအပ်ချက်အားလုံးကို ပြည့်မီအောင်လုပ်ရန်ဆိုသည်မှာ အစိုးရသက်တမ်းတစ်ခုနှင့် မည်သို့မျှမဖြစ်နိုင်သည်ကိုလည်း သိရှိကြမည် ဖြစ်ပါကြောင်း။

သို့သော်လည်း ပြည်သူများအတွက် မိမိတို့

*စာမျက်နှာ ၈ ကော်လံ ၁ သို့* ❋



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမလေးလပတ်အစည်းအဝေး တတိယနေ့အခမ်းအနား တက်ရောက်စဉ်။

(သတင်းစဉ်)

# လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမှုကြောင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော မွန်ပြည်နယ်



ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဖောက်လုပ်ထားသော သံဖြူဇရပ်-ဘုရားသုံးဆူကားလမ်း

**သတင်းဆောင်းပါးနှင့်ဓာတ်ပုံ
ခရမ်းစိုးမြင့်**

မွန်ပြည်နယ်သည် မြန်မာနိုင်ငံ၏အရှေ့တောင်ဒေသ မုတ္တမပင်လယ်ကွေ့ပေါ်တွင် တည်ရှိ၍ ပြည်နယ်အတွင်း မွန်နှင့် ဗမာလူမျိုးအများဆုံး နေထိုင်ကြပြီး အခြားတိုင်းရင်းသားများလည်း ရှိသည်။ အဓိကစိုက်ပျိုးသီးနှံမှာ ဆန်စပါးဖြစ်ပြီး ပီလောပီနံ ၊ ကြံ၊ အုန်း၊ ဆီအုန်း၊ ကိုကိုး၊ သီဟိုဠ်၊ သရက်၊ ရော်ဘာနှင့် ဒူးရင်းတို့ကိုလည်း စိုက်ပျိုးကြသည်။

မွန်ပြည်နယ်အတွင်းတွင် ဇင်းကျိုက်တောင်၊ ကမ်းရိုးတန်းတောင်တန်းနှင့် တောင်ညိုတောင်တန်းများက မြောက်ဘက်မှ တောင်ဘက်သို့ သွယ်တန်းသွားပြီး သံလွင်မြစ်၊ ဘီးလင်းမြစ်၊ ရေးမြစ်နှင့်စစ်တောင်းမြစ်တို့ရှိသည်။ ထိုမြစ်များအနက်မှ ဘီးလင်း၊ သံလွင်နှင့် ရေးမြစ်တို့သည် မွန်ပြည်နယ်ကိုဖြတ်သန်း၍ မုတ္တမပင်လယ်အတွင်းသို့ စီးဝင်သွားသည်။

ပြည်နယ်၏အကျယ်အဝန်းမှာ ၄၇၄၇ ဒသမ ၇၆ စတုရန်းမိုင်ကျယ်ဝန်းပြီး ခရိုင်နှစ်ခု၊ မြို့နယ် ၁၀ မြို့နယ်၊ မြို့ ၁၃ မြို့၊ မြို့နယ်ခွဲ နှစ်ခု၊ ရပ်ကွက်ပေါင်း ၈၀၊ ကျေးရွာအုပ်စု ၃၈၃ အုပ်စု၊ ကျေးရွာပေါင်း ၁၂၀၀

*စာမျက်နှာ ၇ ကော်လံ ၁ သို့* ❒

**ယနေ့**

**မာတိကာ**


**အိန္ဒိယတောင်ပိုင်း အရက်ပိတ်ပင်မည်**
စာ-၄

**ဝေဘာဂီဆေးရုံတက်ရောက် ကုသလူနာ ကျန်းမာရေး တိုးတက်ကောင်းမွန်**
စာ-၅


**ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အနာဂတ်ကို ပုံဖော်ဖန်တီး

လူတိုင်းလူတိုင်းအတွက် အနာဂတ်ဆိုတာရှိသည်။ ထိုအနာဂတ်သည် ကောင်းသည်လည်းရှိ၏။ ဆိုးသည်လည်းရှိ၏။ လူအများစုသည် ထိုကောင်းဆိုးနှစ်တန်လောကဓံကို ကံအကြောင်းတရားဟု ထင်မှတ်ယူဆကြ၏။ ကံကောင်းလျှင် အနာဂတ်ကောင်းလိမ့်မည်။ ကံဆိုးလျှင် အနာဂတ်ကောင်းမည်မဟုတ်ဟု မှတ်ယူတတ်ကြ၏။ နေရာတကာ ကံအကြောင်း တရားဟုသာ ပုံချတတ်ကြ၏။ အမှန်ကား ကံမဟုတ်။ မိမိကိုယ်တိုင်စေ့ဆော်ဖန်တီးမှုပင်ဖြစ်၏။ မိမိအနာဂတ်ကို မိမိကိုယ်တိုင် ပုံဖော်ဖန်တီးနိုင်စွမ်းရှိ၏။

ဤလောက၌ သဘာဝအလျောက် ပေါက်ရောက်ကြသော သစ်တော သစ်ပင်နှင့် ပန်းမန်များရှိသလို လူတို့ စိုက်ပျိုးသော သစ်တောသစ်ပင်နှင့် ပန်းမန်ဟူ၍ နှစ်မျိုးနှစ်စားရှိ၏။ သဘာဝအလျောက်ပေါက်ရောက်သော သစ်တောသစ်ပင်တို့မှာ အလေ့ကျအဆင်ပြေသလို ပေါက်ရောက်ကြခြင်းဖြစ်သောကြောင့် လှပသောအခင်းအကျင်းဖြစ်ချင်မှ ဖြစ်မည်။ ပွင့်ချင်မှလည်းပွင့်မည်။ သီးချင်မှလည်း သီးမည်။ မွှေးပျံ့ထုံသင်းသော ပန်းရနံ့တို့လည်း ရချင်မှရမည်။ အရိပ်အာဝါသကောင်းသော အပင်ဖြစ်ချင်မှလည်း ဖြစ်မည်။ ထိုကဲ့သို့ သဘာဝအလျောက်ပေါက်ရောက်ရှင်သန် သောသစ်တောသစ်ပင်နှင့် ပန်းမန်တို့သည်ကား အရာရာ ကံကို ယုံ၍ အေးအေးသာနေတတ်ကြသူများနှင့်တူလှ၏။ ဘဝသည် ကောင်းချင်လည်းကောင်းမည်။ ဆိုးချင်လည်း ဆိုးမည်။ အနာဂတ် ကောင်းဖြစ်ရန် မသေချာ။

လူတို့စီရင်ဖန်တီးစိုက်ပျိုးသော သစ်တောသစ်ပင်နှင့် ပန်းမန်များသည်ကား ထိုသို့မဟုတ်။ ဤနေရာသည်ကား အရိပ်ရပင်ကြီးများ၊ ထိုနေရာမှာကား သီးပင်စားပင်များ၊ ယင်းနေရာမှာ ပန်းအလှပင်များစသည်ဖြင့် စိုက်ပျိုးတတ်ကြလေသည်။ ထို့ကြောင့် ဆိတ်ငြိမ်အေးချမ်းဖွယ် အပင်ကြီးများ၏ အရိပ်အာဝါသ အရသာကို ကောင်းစွာရရှိနိုင်၏။ ရာသီအလိုက်သီးသော သစ်သီးဝလံတို့ကိုလည်း စားသုံးနိုင်၏။ မွှေးပျံ့ထုံသင်းသော ပန်းရနံ့တို့ကိုလည်း ခံစားနိုင်သေး၏။ ဤကဲ့သို့သော သစ်ပင်ပန်းမန်တို့သည်ကား မိမိတို့အနာဂတ်ကို မိမိတို့ကိုယ်တိုင် ကောင်းစွာဖန်တီးတတ်သူများနှင့်တူ၏။ ကောင်းမွန်သော အနာဂတ်အတွက် ရေရာသေချာမှုရှိ၏။

ထို့ကြောင့် အနာဂတ်ဟူသည် ပုံဖော်ထုဆစ်နိုင်သော အကြောင်းတရားပင်ဖြစ်၏။ လူတိုင်းလူတိုင်း ကြီးငယ်မဟူ မိမိအနာဂတ်ကို အကောင်းဆုံးဖြစ်အောင် ပုံဖော်ဖန်တီးနိုင်ရန် အခွင့်အလမ်းရှိ၏။ ဤနေရာတွင် ပုံဖော်ဖန်တီးမှုကောင်းလျှင် ကောင်းသလို အနာဂတ်သည်လည်း ပို၍ကောင်းနိုင်၏။ အတွေးနက်နက်၊ ရည်ရွယ်ချက်ကောင်းကောင်းထားပြီး ကြိုးစားလျှင် ကြိုးစားသလောက် အနာဂတ်သည်လည်း ကောင်းနိုင်၏။ မိမိ၏ လုံ့လပြုမှုသည် ဖန်တီးမှုပင်ဖြစ်၏။ ထိုဖန်တီးမှုကို အဆုံးတိုင် ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် အနာဂတ် ကောင်းကို ပိုင်ဆိုင်နိုင်ပေ၏။

အနာဂတ်ကို လူတိုင်းပင်ဖန်တီးနိုင်၏။ လူငယ်လူရွယ်များက ကောင်းမွန်သော ပညာရေးအနာဂတ်ကို ဖန်တီးနိုင်၏။ လူရွယ်လူလတ်များက စီးပွားရေး၊ ကြီးပွားရေး၊ ကြွယ်ဝချမ်းသာရေး တည်းဟူသော အနာဂတ်များကို ဖန်တီးနိုင်၏။ တတိယအရွယ် အမိအဖတို့က သံသရာကောင်းကျိုးအနာဂတ်ကို ဖန်တီးနိုင်၏။ ထို့ကြောင့် လူတိုင်းလူတိုင်းအတွက် အနာဂတ်ဆိုတာရှိ၏။ အနာဂတ်ကို ကောင်းစွာဖန်တီးတတ်ဖို့သာလို၏။ အရာရာတိုင်းသည် သူ့အလိုအလျောက်ဖြစ်သည်မဟုတ်။ အကြောင်းအကျိုးဆက်စပ်နေ၏။ မိမိဘဝလမ်းကြောင်းကောင်းရေး မိမိကိုယ်တိုင်ပုံဖော်ထုဆစ်ရ၏။ နောင်လာလတ္တံ့သော အနာဂတ်အတွက် မိမိကိုယ်တိုင် လုံ့လပြုခြင်းဖြင့်သာ အနာဂတ်ကောင်းများကို ရယူပိုင်ဆိုင်နိုင်မည်ဖြစ်ပါကြောင်း။ ။



ပြည်တွင်းသတင်း

## ရေတိုရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဩဂုတ် ၂၂**

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်သည် ထိုင်းနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ခေါင်းဆောင်သည့် ထိုင်းကိုယ်စားလှယ်အဖွဲ့အား ယဉ်ကျေးမှုဝန်ကြီးဌာန၌ ဩဂုတ် ၂၀ ရက် မွန်းလွဲပိုင်းက လက်ခံတွေ့ဆုံပြီး ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူရှေးဟောင်းမြို့များ၏ မြေယာရှုခင်းပြင်ဆင်ခြင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ ကမ္ဘာ့အမွေအနှစ်များ စီမံခန့်ခွဲခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများ အပြန်အလှန်လေ့လာရေး၊ နံရံဆေးရေးပန်းချီများထိန်းသိမ်းခြင်းနှင့် သုတေသနပြုခြင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ ပူးပေါင်းကာကွယ် ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက် ရေတိုရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်ရေးတို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ ထိုင်းနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနသည် မြန်မာနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် အတူပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မဟာသိမ်တော်ကြီးဘုရားရှိ နံရံဆေးရေးပန်းချီများကို ဓာတုဗေဒနည်းဖြင့် ထိန်းသိမ်းနိုင်ရေးအတွက် လေ့လာတိုင်းတာတွက်ချက်ခြင်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

## အားကစားမော်ကွန်းတိုက်တွင် ကိုယ်တစ်ပိုင်းပုံ ပြသထားရှိမည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ရွေးချယ်ရေးစည်းဝေး

**နေပြည်တော် ဩဂုတ် ၂၂**

မြန်မာ့ အားကစားသမိုင်းတွင် ပြည်သူများနှင့် နိုင်ငံတော်အတွက် လေးစားကြည်ညိုဖွယ်ဂုဏ်ထူးဆောင်များ၏ရုပ်တုများ နေပြည်တော် ဝဏ္ဏသိဒ္ဓိကွင်းအတွင်း၌ အားကစားမော်ကွန်းတိုက်ရှိ ပြသထားရှိရေး ညှိနှိုင်းအစည်းဝေးကို ဩဂုတ် ၂၀ ရက် နံနက် ၁၁ နာရီခွဲက အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က နိုင်ငံတော်အတွက် အားကစားလောကကို ဦးစီးဦးဆောင်ပြုခဲ့သော ပုဂ္ဂိုလ်များနှင့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကို နေပြည်တော်ဝဏ္ဏသိဒ္ဓိကွင်းအတွင်းရှိ အားကစားမော်ကွန်းတိုက်တွင် ကိုယ်တစ်ပိုင်းပုံထုဆစ်ပြသထားရှိခြင်းဖြင့် ပြည်သူများအမှတ်တရအောက်မေ့ဖွယ်ဖြစ်စေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ အနေဖြင့်လည်း လေးစားအားကျဂုဏ်ယူပြီး အတုယူကြိုးစားနိုင်စေရန် ရည်ရွယ်ကြောင်း၊ နိုင်ငံတော်၏ တာဝန်ကို အားကစားဖြင့် တစ်ဖက်တစ်လမ်းက ထူးထူးချွန်ချွန်တာဝန်ထမ်းဆောင်ပေးပြီး မြန်မာ့အားကစားကို နိုင်ငံတကာကပါ သိရှိအောင်စွမ်းဆောင်ပေးခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကို ဂုဏ်ပြုမှုတစ်ခုဖြစ်ကြောင်း၊ အမှန်တကယ်ဂုဏ်ပြုထိုက်သည့် ပုဂ္ဂိုလ်များ ရရှိအောင် အားကစားနယ်ပယ် အသီးသီးမှ ကလောင်ရှင်များ၊ ပညာရှင်များ၏ စိစစ်ရွေးချယ်အကြံပြုမှုမှရရှိသော ပုဂ္ဂိုလ် ၄၄ ဦးရှိကြောင်း၊ အဆိုပါ ပုဂ္ဂိုလ်များထဲမှ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများကို ပြည်ထောင်စုဝန်ကြီးထံ တင်ပြသွားမည်ဖြစ်ကြောင်း၊ ရွေးချယ်ရေးကော်မတီဝင်များကလည်း ထပ်မံ စိစစ်ရွေးချယ်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စိစစ်ရွေးချယ်ရေးကော်မတီအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အားကစားကလောင်ရှင်များ၊ ပညာရှင်များ ပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ဝင် ၁၉ ဦးဖြင့် စိစစ်ရွေးချယ်ခဲ့မှုများကို ဆွေးနွေးပြီး တက်ရောက်လာကြသူများက ရွေးချယ်ဂုဏ်ပြုသင့်သည့် ပုဂ္ဂိုလ်များနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြစ်ကမ်းပါးပြို ပြောင်းရွှေ့ကျေးရွာ ပြည်သူများအား ကူညီထောက်ပံ့

**စဉ့်ကူး ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအောင်ဆန်း၊ ထုံးကြီးတိုက်နယ်ဆေးရုံ ဆရာဝန်ကြီး ဒေါက်တာနေမင်းနိုင်နှင့်ဆရာ ဆရာမများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ဦးအောင်ခင်နှင့် အဖွဲ့ဝင်များသည် မြစ်ကမ်းပါးပြို၍ ပြောင်းရွှေ့နေကြရသော ဟသ်ာဖိုလ်အုပ်စု စည်ပင်ကျွန်းကျေးရွာသို့ ရောက်ရှိပြီး ဆေးဝါးများကုသပေးခြင်း၊ အိမ်ထောင်စုဝင်တစ်ဦးလျှင် ဆန်တစ်ပြည်နှုန်း၊ အိမ်ထောင်စုတစ်စုလျှင် ဆီတစ်ပိဿာနှုန်းဖြင့် အိမ်ထောင်စု ၃၀ မှ လူဦးရေ ၁၄၈ ဦးအား လှူဒါန်းကာ အားပေးစကားပြောကြားခဲ့ပြီး ရွာဦးကျောင်း ဆရာတော်ကိုလည်း ဆန်နှင့် ဆီလှူဒါန်းခဲ့သည်။ ထို့နောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့်အဖွဲ့သည် ဟသ်ာဖိုလ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီးဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့နောက် ဆရာ ဆရာမများအား အားပေးစကား ပြောကြားခဲ့ကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြန်မာ-ဂျပန်ယဉ်ကျေးမှုဖလှယ်ရေးကျင်းပ

**ရန်ကုန် ဩဂုတ် ၂၂**

မြန်မာ-ဂျပန် ယဉ်ကျေးမှုဖလှယ်ရေး အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၂၂ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာစန္ဒာမြငြိမ်းက ကျင်းပရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ ဂျပန်နိုင်ငံ JICE ကျောင်းအရာရှိ Ms.Noniko Endo က လာရောက်ကျင်းပရခြင်းအတွက် ကျေးဇူးတင်ရှိကြောင်းကိုလည်းကောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဂျပန်ယဉ်ကျေးမှုဖလှယ်ရေးအဖွဲ့က အဖွဲ့ငါးဖွဲ့ဖြင့် စိုက်ပျိုးရေး၊ ရာသီဥတု၊ သဘာဝပေါက်ပင်၊ ယဉ်ကျေးမှု၊ စာပေ၊ နည်းပညာ၊ အနုပညာများကို လက်တွေ့သရုပ်ပြသကြပြီး အခမ်းအနား တက်ရောက်ကြသူများနှင့်အတူ ပျော်ရွှင်စွာ၊ ယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သွေးသည်အသက်



ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragom ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတနှင့်အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်မင်းတို့တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Pisanu Suvanajata နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးနှင့် ဈေးကွက်ရရှိရေး၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်ရုံ၊ အလုပ်ရုံများထူထောင်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေး၊ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံ အလုပ်သမားအရေးကိစ္စ နှစ်ဖက်ပူးပေါင်း ဆောင်ရွက်ရေး၊ ရွှေ့ပြောင်းလုပ်သားများ နေထိုင်လုပ်ကိုင်ခွင့်ရရှိရေး၊ မယ်ဆိုင်နှင့် မဲဆောက်တို့တွင် စီးပွားရေးဇုန်များ ထူထောင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# နိုင်ငံရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် ဖြစ်ပေါ်တိုးတက်မှု ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၂၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည်ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာနမ်ဘီးယားအား ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးဌေးဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏နိုင်ငံရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် ဖြစ်ပေါ်တိုးတက်မှု အခြေအနေနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆောင်ရွက်မှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

❑ *ကျောက်ဖြူမှ*

များကို ငှားရမ်းအသုံးပြုကာမြို့နှင့် ၁၀မိုင်ခန့်ဝေးသည့် ဆင်စခန်းသို့ သွားရောက်လည်ပတ်ကြသဖြင့် ယာဉ်ပိုင်ရှင်များအပိုဝင်ငွေရရှိကြပြီး မြန်မာ့သစ်ထုတ်ရေးလုပ်ငန်းမှာလည်း နိုင်ငံခြားဝင်ငွေများ ရရှိကြောင်းတာဝန်ရှိသူ၏ပြောပြချက်အရ သိရသည်။

အဆိုပါခရီးစဉ်တွင် Myanmar Hotels and Cruises Co.,Ltd.၏ အစီအစဉ်ဖြင့် ဂျာမနီ၊ စပိန်၊ ပြင်သစ်၊ ဩစတြေးလျ၊ အမေရိကန်၊ ဟော်လန်နိုင်ငံမှ ခရီးသွားများပါရှိပြီး စက်တင်ဘာလအတွင်း သပိတ်ကျင်းခရီးစဉ်အဖြစ် ဆင်စခန်းသို့ နှစ်ကြိမ်လာရောက်လေ့လာလည်ပတ်ကြမည့် ခရီးစဉ်များရှိနေသေးကြောင်း သိရသည်။

**ဩဂုတ် ၂၂ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားတက်ရောက်လာသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Dr. Ito Sumardi နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)



# သတ္တမအကြိမ် ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုရရှိသော ပြန်ကြားရေးဝန်ကြီးဌာနအသင်းအား ဂုဏ်ပြု

**နေပြည်တော် ဩဂုတ် ၂၂**

၂၀၁၄ခုနှစ် သတ္တမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုရရှိသော ပြန်ကြားရေးဝန်ကြီးဌာန အသင်းအား ဆုချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုဧည့်ခံပွဲအခမ်းအနားကို ယနေ့ညနေ ၆နာရီတွင် နေပြည်တော်သတင်းစာတိုက်ရှိ ဘိုးဝဇီရခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ဒုတိယဆုရရှိသော ပြန်ကြားရေးဝန်ကြီးဌာန ဘောလုံးအသင်းအား ဒုတိယဆုအတွက် အားကစားဝန်ကြီးဌာနမှ ချီးမြှင့်သော ဆုကြေးငွေကျပ် ၁၀သိန်းနှင့် ဝန်ကြီးဌာနမှ ချီးမြှင့်သော ငွေကျပ် ၂၈ သိန်း အပါအဝင် စုစုပေါင်း ငွေကျပ် ၃၈ သိန်းကို ဒုတိယဝန်ကြီးဦးပိုက်ထွေးက ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(ယာပုံ)** **ဇင်ဦး**



# စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းဆင်း

**နေပြည်တော် ဩဂုတ် ၂၂**

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန အရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေက အရာထမ်းများအနေဖြင့် ယခု သင်တန်းမှရရှိသော အတွေ့အကြုံ ဗဟုသုတများအား မိမိတို့တာဝန်ယူဆောင်ရွက်နေရသော လုပ်ငန်း၊ တာဝန်များနှင့်ပေါင်းစပ်၍ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ မိမိတို့လုပ်ငန်းတာဝန်များအား ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

နိုင်ငံတကာသတင်း

# အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုအတွင်း ပါလက်စတိုင်းကလေးငယ် ၃၇၀၀၀၀ အကူအညီလိုအပ်နေ



**ယူနီဆက် ဩဂုတ် ၂၂**

အစ္စရေးတို့က ဂါဇာကို လေကြောင်းမှ တိုက်ခိုက်နေချိန် စိုးရိမ်ထိတ်လန့်နေသော ပါလက်စတိုင်းကလေးငယ် ၃၇၀၀၀၀ တို့သည် အရေးပေါ် လူမှုရေးအကူအညီများ လိုအပ်နေကြောင်း ကုလသမဂ္ဂ နိုင်ငံတကာဆိုင်ရာ ကလေးများ ရန်ပုံငွေအဖွဲ့(ယူနီဆက်)က ပြောကြားလိုက်သည်။

ကလေးများသည် အစ္စရေးတို့၏ ပိတ်ဆို့တိုက်ခိုက်မှုအတွင်း အလွန့်အလွန် စိုးရိမ်ကြောက်လန့်နေကြကြောင်း၊ အရေးပေါ် ကူညီပေးရန်လိုအပ်ကြောင်း ကြာသပတေးနေ့က နယူးယောက်ရှိ ကုလသမဂ္ဂဌာနချုပ်၌ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် ဂါဇာဆိုင်ရာယူနီဆက်ထိပ်တန်းအရာရှိ ပါနီလာအိုင်းယွန်းဆိုက်က ပြောကြားလိုက်သည်။

"ကလေးတွေဟာ ထိခိုက်ဒဏ်ရာရသူရ၊ သေသူသေ၊ မိဘမဲ့ဖြစ်သူဖြစ်နဲ့ တကယ့်ကို သနားစရာပါပဲ။ အဆောက်အအုံပျက်တွေကြားမှာ တကယ့်ကို ကြောက်ကြောက်လန့်လန့်နဲ့ နေနေကြရတာပါ။ ဒါကို အမြန်ဆုံးအကူအညီပေးဖို့လိုပါတယ်" ဟု အိုင်းယွန်းဆိုက်က ပြောကြားလိုက်သည်။

"လွန်ခဲ့တဲ့ ၄၈ နာရီအတွင်းမှာပဲ ပါလက်စတိုင်းကလေးငယ် ကိုးဦး သေဆုံးသွားပါတယ်။ အစ္စရေးတို့က ဇူလိုင်လဆန်းကတည်းက တိုက်ခိုက်နေတာ အခုဆိုရင် ပါလက်စတိုင်းကလေး ၄၉၆ ဦး သေဆုံးသွားပါပြီ" ဟု သူမက ထပ်လောင်းပြောကြားသည်။

ကြာသပတေးနေ့က အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုအတွင်း ကလေးများ အပါအဝင် ပါလက်စတိုင်း နှစ်ဒါဇင်ကျော် သေဆုံးခဲ့သည်။ ဇူလိုင် ၈ ရက် အစ္စရေးတို့၏ တိုက်ခိုက်ချိန်မှစပြီး ပါလက်စတိုင်း ၂၀၉၀ သေဆုံးပြီး ၁၀၃၀၀ ဒဏ်ရာရရှိသွားပြီဖြစ်ကြောင်း သိရသည်။ **(ပရက်စ်တီဗွီ)**

## ချန်ဂီလေဆိပ်၏ လေယာဉ်စီးခရီးသည် ဇူလိုင်လတွင် တစ်ရာခိုင်နှုန်းမြင့်တက်

**စင်ကာပူ ဩဂုတ် ၂၂**

စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်သည် နှစ်အလိုက် ခရီးသွားဧည့်သည် လာရောက်မှု တစ်ရာခိုင်နှုန်းတိုးကာ ယခုနှစ်ဇူလိုင်လတွင် ခရီးသည် ၄ ဒသမ ၅၈ သန်းထိ ဝန်ဆောင်မှုပေးနိုင်ခဲ့ကာ ယခုနှစ်၏ပထမဆုံးအကြိမ်အဖြစ် တရုတ်နိုင်ငံမှခရီးသည်များက ပိုတိုးခဲ့သည်ဟု ချန်ဂီလေဆိပ်အုပ်စုမှ သောကြာနေ့က ထုတ်ပြန်သော စာရင်းဇယားများအရ သိရသည်။

တရုတ်ခရီးသွားများ အများအပြားတိုးတက်လာခြင်းမှာ ရှန်ဟိုင်း၊ နန်ကျင်း၊ ဟိုက်ကု၊ ဟန်ကျိုးနှင့် ချင်းတောင်တို့ကိုအဓိကလာရောက်မှု တိုးလာခြင်းဖြစ်ကြောင်း ထိုချန်ဂီလေဆိပ် အုပ်စုကပင် ပြောကြားခဲ့သည်။

ဟောင်ကောင်၊ အိန္ဒိယနှင့် ဗီယက်နမ်အပါအဝင် အရှေ့မြောက်အာရှနှင့် တောင်အာရှဒေသများသို့ ခရီးသွားမှုများမှာလည်း နှစ်ဆကျော် မြင့်တက်လျက်ရှိသည်။ ထိုင်းနိုင်ငံ၏နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် နှစ်နိုင်ငံကြားလေယာဉ်ခရီးစဉ်ပြေးဆွဲမှုသည် ကိုးလဆက်တိုက်ကျဆင်းခဲ့ကာ တစ်နှစ်ထက် တစ်နှစ် ၁၂ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့သည်။

ဇန်နဝါရီလနှင့် ဇူလိုင်လများကြားတွင် ၎င်းလေဆိပ်သည် ခရီးသည်ပေါင်း ၃၁ ဒသမ ၈ သန်းထိ ဝန်ဆောင်မှုများပေးကာ လွန်ခဲ့သောနှစ် အလားတူအချိန်တွင် ခရီးသည် ၁ ဒသမ ၃ ရာခိုင်နှုန်းထိ တိုးတက်ခဲ့ကြောင်း သိရသည်။ လေယာဉ်ဆင်းတက်မှုအကြိမ်များသည် ၃ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်ကာ အကြိမ်ပေါင်း ၁၉၉၉၀၀ ထိ တိုးလာခဲ့သည်။ **(ဆင်ဟွာ)**

## အိန္ဒိယတောင်ပိုင်း အရက်ပိတ်ပင်မည်

**ခေရာလာ ဩဂုတ် ၂၂**

အိန္ဒိယနိုင်ငံတောင်ပိုင်း ခေရာလာပြည်နယ်၌ ပြည်နယ်အတွင်းမူးယစ်သောက်စားရမ်းကားမှုများကို ကိုင်တွယ်ရန် အရက်သေစာရောင်းချမှုနှင့် သောက်စားမှု ပိတ်ပင်သွားရန် စီစဉ်လျက်ရှိသည်။ ဘားဆိုင် ၇၀၀ နှင့် ဆိုင်အချို့ အရက်သေစာရောင်းချမှု ပိတ်ပင်မည်ဖြစ်ပြီး အရက်ကင်းစင်နေ့ကိုလည်း ငါးရက်ထက် တိုးမြှင့်သတ်မှတ်ဖွယ်ရှိသည်။

ပြည်နယ်အစိုးရအနေဖြင့် ၁၀ နှစ်အတွင်း လုံးဝအရက်ရောင်းချမှုနှင့် သောက်သုံးမှုပိတ်ပင်သွားရန် ရည်ရွယ်ထားကြောင်း ပြည်နယ်ဝန်ကြီးချုပ်ချန်ဒီက ပြောသည်။ ခေရာလာပြည်နယ်သည် အိန္ဒိယနိုင်ငံ၌ လူတစ်ဦး အရက်သောက်သုံးမှု အများဆုံးပြည်နယ်ဖြစ်သည်။ လူတစ်ဦးတစ်နှစ်လျှင် အနည်းဆုံးရှစ်လီတာကျော် သောက်သုံးသည်ဟု ဆိုသည်။ အရက်ကြောင့် လင်မယားကွာရှင်းပြတ်စဲမှုနှင့် ယာဉ်မတော်တဆမှုကြောင့် သေဆုံးမှုများ မြင့်တက်နေကြောင်း ဆရာဝန်နှင့် တက်ကြွလှုပ်ရှားသူများက ပြောသည်။ **(ဘီဘီစီ)**

## ဆိုင်းနိုင်းကျွန်းဆွယ်၌ ဘတ်စ်ကားတိုက်မှု ၂၇ ဦးသေဆုံး

**ကိုင်ရို ဩဂုတ် ၂၂**

ဆိုင်းနိုင်းကျွန်းဆွယ်ဒေသ၌ ဘတ်စ်ကားနှစ်စီးတိုက်မိခဲ့ရာ ၂၇ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာက ဖော်ပြခဲ့သည်။ ဆိုင်းနိုင်းတောင်ပိုင်း၌ သောကြာနေ့ နံနက်ပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရုရှား၊ ယီမင်၊ ဆော်ဒီအာရေဗျ နိုင်ငံသားများ အပါအဝင် ၄၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များနှင့် ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် အပျက်အစီးများကြား ရှာဖွေရေးပြုလုပ်နေဆဲဖြစ်ပြီး သေဆုံးသူအရေအတွက် တိုးလာနိုင်သည်။ အီဂျစ်နိုင်ငံ၏ ကားလမ်းများ၊ မီးရထားလမ်းများသည် လုံခြုံစိတ်ချရမှုအားနည်းကြောင်း မှတ်တမ်းများအရသိရသည်။

ပြီးခဲ့သည့် နိုဝင်ဘာလက မြို့တော်ကိုင်ရို၌ ရထားနှင့် မီနီဘတ်စ်တစ်စီးတိုက်မိခဲ့ရာ ၂၈ ဦး ဒဏ်ရာရရှိခဲ့ပြီး ၂၆ ဦးထက်မနည်း သေဆုံးခဲ့သည်။ အလားတူ ၂၀၁၂ ခုနှစ်က ကိုင်ရိုင်မြို့၌ပင် မီးရထားအချက်ပြမီးတိုင်ပြုလဲနေခြင်းကြောင့် ကျောင်းဘတ်စ်ကားကို ရထားက ဝင်တိုက်ခဲ့ရာ ကျောင်းသား ၅၀ ခန့်သေဆုံးခဲ့သည်။ ယင်းကိစ္စကြောင့် သယ်ယူပို့ဆောင်ရေးဝန်ကြီး နုတ်ထွက်ခဲ့ရသည်။ ၂၀၀၂ ခုနှစ်က ၃၇၃ ဦးသေဆုံးခဲ့သော မီးရထားမီးလောင်မှုသည် အီဂျစ်နိုင်ငံ၏ အဆိုးရွားဆုံး မီးရထားဆိုင်ရာ ဘေးဒုက္ခဖြစ်သည်။ **(ဘီဘီစီ)**

# ဆီးရီးယားတွင်ရှိသော နိုင်ငံခြားစစ်သွေးကြွ ၁၂၀၀၀ တွင် အမေရိကန်နိုင်ငံသားများပါဝင်ဟု ဆို



**ဆီးရီးယား ဩဂုတ် ၂၂**

အမေရိကန် ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက အမေရိကန်နိုင်ငံသားအချို့ပါဝင်သောထောင်ပေါင်းများစွာသော နိုင်ငံခြားသား စစ်သွေးကြွများသည် ဆီးရီးယားတွင်ရှိသော အစိုးရကိုတိုက်ခိုက်ရန် ထွက်ခွာသွားခဲ့ကြောင်း ပြောခဲ့သည်။

"ကျွန်တော်တို့ထင်တာက ဆီးရီးယားမှာ အမေရိကန်လူမျိုးအနည်းစုနှင့်နိုင်ငံခြားသားတိုက်ခိုက်ရေးသမားများအပါအဝင် အနည်းဆုံးနိုင်ငံ ၅၀ လောက်က တိုက်ခိုက်ရေးသမားတွေ ၁၂၀၀၀ လောက်ရှိမယ်၊ ပဋိပက္ခဖြစ်တဲ့အချိန်ကစပြီး ဆီးရီးယားကို တိုက်ခိုက်ဖို့သွားတယ်"ဟု အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဌာန ဒုတိယပြောရေးဆိုခွင့်ရှိသူ မယ်ရီဟက်ဖ်က ကြာသပတေးနေ့က ပြောကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် အခြားအမည်မဖော်လိုသူ အမေရိကန်အရာရှိတစ်ယောက်က အမေရိကန်နိုင်ငံသား ၁၀၀ ကျော်သည် ဆီးရီးယားသမ္မတ ဘရှာရ်အယ်အာဆတ်အစိုးရကို တိုက်ခိုက်ရန် ဆီးရီးယားသို့ ထွက်ခွာသွားခဲ့ကြောင်း ပြောခဲ့သည်။

အစောပိုင်းက အက်ဖ်ဘီအိုင်ညွှန်ကြားရေးမှူး ဂျိမ်းစ်ကွန်မေးက ပြည်တွင်းအခြေပြု အကြမ်းဖက်သမားများကို အမြစ်ပြုတ်ချေမှုန်းရန်မှာ အက်ဖ်ဘီအိုင်၏ နံပါတ်တစ်အရေးကြီးဆုံးကိစ္စဖြစ်သည်ဟု ပြောခဲ့သည်။ ၎င်းကဆက်လက်ပြီး ဆီးရီးယားတွင်ရှိသော ထကြွသောင်းကျန်းသူများနှင့် ဆက်သွယ်ရန် ကြိုးစားသော အမေရိကန်နိုင်ငံသားများသည် အမေရိကန်ပြည်ထောင်စု၏ တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်ခြိမ်းခြောက်သူများဟု ပြောကြားခဲ့သည်။

၎င်းတို့သည် ဆီးရီးယားနှင့် အီရတ်ကြားရှိ နယ်ခြားဒေသမြေများကို သိမ်းထားသော အိုင်ဆစ်အဖွဲ့ အပါအဝင်အကြမ်းဖက်အုပ်စုများနှင့် ဆက်သွယ်ရန် ထွက်ခွာခဲ့ကြသည်။

အမေရိကန်နိုင်ငံသား သတင်းထောက် ဂျိမ်းစ်ဖိုလေးကို စစ်သွေးကြွများက ရက်စက်စွာခေါင်းဖြတ်သတ်ခြင်းသည် အနောက်နိုင်ငံများ၏ အကျိုးစီးပွားကို ခြိမ်းခြောက်နေသော နိုင်ငံခြားသား စစ်သွေးကြွများ၏ နောက်ဆုံးနှင့် ထိတ်လန့်တုန်လှုပ်စရာအကောင်းဆုံး ဥပမာပင်ဖြစ်သည်။ **(ပရက်စ်တီဗွီ)**



## လစ်ဗျားမြို့တော်လေဆိပ်အနီး တိုက်ပွဲပြင်းထန်စွာဖြစ်ပွား

**ထရီပိုလီ ဩဂုတ် ၂၂**

လစ်ဗျားမြို့တော် ထရီပိုလီနိုင်ငံတကာလေဆိပ်အနီး ပြိုင်ဘက်စစ်သွေးကြွများအကြား တိုက်ပွဲအပြင်းအထန်ဖြစ်ပွားလျက်ရှိရာ ဒေသခံများက နေအိမ်များ စွန့်ခွာထွက်ပြေးကြရသည်။

အဆိုပါ တိုက်ပွဲကြီးအတွင်း ယင်းလေဆိပ်ကို ထိန်းချုပ်ထားသော မီဆရာတာနှင့်ဇင်တန်မြို့ကြီးများမှ ပြိုင်ဘက်ပြည်သူ့စစ်များလည်း ပါဝင်သည်။ ကြာသပတေးနေ့က မီဆရာတာအဖွဲ့က ထိန်းချုပ်ထားသော အဆောက်အအုံ အပြင်ဘက်၌ တိုက်ပွဲများ အကြီးအကျယ်ဖြစ်ပွားခဲ့သည်။ တိုက်ခိုက်မှု အတွင်း အဆောက်အအုံ အတော်များများ ပျက်စီးသွားခဲ့၍ ဒေသခံများ နေအိမ်များမှ စွန့်ခွာထွက်ပြေးကြရသည်။

အဆိုပါလေဆိပ်သည် အာဏာရှင် မွမ်မာကဒါဖီကို ၂၀၁၁ ခုနှစ်တွင် ဖြုတ်ချပြီးကတည်းက ထရီပိုလီမြို့၌ အပြင်းထန်ဆုံးသော တိုက်ပွဲဖြစ်ပွားရာဒေသဖြစ်လာသည်။

ကြာသပတေးနေ့က တူနီးရှားနှင့်အီဂျစ်တို့က လုံခြုံရေးစိုးရိမ်ရသည့်အတွက် အိမ်နီးချင်းလစ်ဗျားနိုင်ငံသို့ လေကြောင်းလိုင်းများပျံသန်းပြေးဆွဲမှုကို ဆိုင်းငံ့ထားသည်။ ထိုအချိန်တွင် အငြိမ်းစားဗိုလ်ချုပ်ကြီး ခါလီဖာဟတ်စ်တာ၏ သစ္စာခံတပ်များကလည်း လက်နက်ချရန် ငြင်းဆိုနေသော စစ်သွေးကြွများအား လစ်ဗျားနိုင်ငံ၏ ဒုတိယအကြီးဆုံး မြို့တော် ဘင်ဂါဇီ၌ တိုက်ပွဲဝင်လျက်ရှိသည်။ **(ပရက်စ်တီဗွီ)**

ပြည်တွင်းသတင်း

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း သီရိလင်္ကာနိုင်ငံသမ္မတဟောင်းအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၂

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် သီရိလင်္ကာနိုင်ငံသမ္မတဟောင်း မစ္စစ်ချန်ဒရိကာ ဘန်ဒရာနိုက်ကေး ကုမာရတွန်ဂါအား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (ယာပုံ)



ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဥက္ကဋ္ဌ ဦးစိုးသာ၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်ခိုင်မာရေးဆောင်ရွက်မှု၊ သီရိလင်္ကာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်မှု၊ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆောင်ရွက်မှု၊ နှစ်နိုင်ငံအကြား စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တန်ဖိုးမြှင့်ထုတ်လုပ်သည့် လယ်ယာထွက်ကုန်များ၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေး ပုဂ္ဂလိကအခန်းကဏ္ဍမှ ရင်းနှီးမြှုပ်နှံ

**နေပြည်တော် ဩဂုတ် ၂၂**

လေးလပတ်အစည်းအဝေး တက်ရောက်ရန်အတွက် နေပြည်တော်၌ ရောက်ရှိနေကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အစိုးရအဖွဲ့ဝန်ကြီးချုပ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတို့မှ ဦးစီးအဖွဲ့ဥက္ကဋ္ဌတို့သည် ယနေ့ နံနက် ၇ နာရီခွဲတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ စက်စက်ယိုဆည်ရေသောက်စနစ် ဧက ၉၀၀ တစ်ဆက်တစ်စပ်တည်း အော်ဂဲနစ်စိုက်ခင်းများသို့ ကွင်းဆင်းလေ့လာကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က စိုက်ကွင်းတစ်ကွင်းချင်းအလိုက် ကိုယ်တိုင်လိုက်လံပြသ ရှင်းလင်းပြောကြားခဲ့သည်။



ရှေးဦးစွာ နယူးဇရာကုမ္ပဏီလီမိတက်၏ ခတုကင်းလွတ်ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံအဆင့်မြင့် အအေးခန်းအရောင်းဆိုင်သို့ ရောက်ရှိလေ့လာကြရာ**(အပေါ်ယာပုံ)**ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်းရှိ နိုင်ငံသားအားလုံးတို့၏ နေ့စဉ် စားရေရိက္ခာ လိုအပ်ချက်နှင့် ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် အာဟာရပြည့်စွာ စားသုံးနိုင်ရေး လိုအပ်ချက်ကို ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိပါကြောင်း။

တစ်ချိန်တည်း တစ်ပြိုင်တည်းတွင် ရေရှည်တည်တံ့ခိုင်မြဲသော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံစိုက်ပျိုးထုတ်လုပ်ကြသည့် လုပ်ကွက်ငယ်တောင်သူ လယ်သမားများ ဝင်ငွေနှင့်လူနေမှုဘဝတိုးတက်စေရေး ရည်မှန်းချက်ကိုလည်း တစ်ပြိုင်တည်းဖော်ဆောင်ပေးလျက်ရှိပါကြောင်း၊ ဓာတုကင်းလွတ်အော်ဂဲနစ်သီးနှံများကို စိုက်ပျိုးကြခြင်းအားဖြင့် စားသုံးသူများအတွက် ဘေးအန္တရာယ်ကင်းရှင်းစွာ၊ လုံခြုံစိတ်ချစွာ စားသုံးနိုင်မည့်အပြင် အာဟာရတန်ဖိုးကြီးမားသည့်အတွက် ကျန်းမာရေးနှင့်အထူးညီညွတ်ပြည့်စုံမှုကြောင့် ကမ္ဘာ့ဈေးကွက်တွင် ဓာတုကင်းလွတ်သီးနှံများသည် တွင်ကျယ်စွာရောင်းရလျက်ရှိပြီး လူကြိုက်အလွန်များလျက်ရှိပါကြောင်း။

တောင်သူများ၏ ရာသီအလိုက် တစ်ချိန်တည်းတစ်ပြိုင်တည်း ထွက်ရှိလာသော သီးနှံများကို နိုင်ငံခြားဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီရေးလိုအပ်ချက်အပေါ် ဤဧက ၉၀၀ စိုက်ကွင်းမှတောင်သူများကိုပညာပေးပြီး GAP စိုက်နည်းစနစ်များနှင့် အော်ဂဲနစ်စိုက်နည်းစနစ်များကိုလည်း လေ့ကျင့်ပေးလျက်ရှိပါကြောင်း။

ဈေးကွက်၏ လိုအပ်ချက်အရ အလုံအလောက် ထုတ်ပေးနိုင်ရေးအတွက် ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုးစနစ်ဖြင့် စီးပွားဖြစ်တစ်ဆက်တစ်စပ်တည်း စိုက်ကွင်းများထူထောင်ပြီး သပြေကုန်းကျေးရွာမှ တောင်သူလယ်သမားများ ကိုယ်တိုင်ပါဝင်ကြသည့် စိုက်ကွင်းများဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အသင့်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတို့မှ ဦးစီးအဖွဲ့ဥက္ကဋ္ဌများသည် အော်ဂဲနစ်ဟင်းသီးဟင်းရွက်များကို ပိုက်ကွန်စနစ်၊ တိုက်ရိုက်ရေဖျန်းစနစ်တို့ဖြင့် စနစ်တကျစိုက်ပျိုးထားရှိမှု၊ အဆစ်ပျိုးထောင်စိုက်နည်းစနစ်သစ်ဖြင့် စိုက်ပျိုးထားသည့် တစ်ဧကတန် ၈၀ ထွက်ရှိမည့် ကြံစိုက်ခင်းများ၊ ငွေချည်(၉)နှင့်ရွှေတောင်(၈)အထူးအထွက်တိုး ချည်မျှင်ရှည်ဝါစိုက်ခင်းများ၊ ကညွတ်စိုက်ခင်းများ၊ တစ်ဆက်တစ်စပ်တည်း ဧက ၉၀၀ စိုက်ခင်းများနှင့် ဟင်းသီးဟင်းရွက်ပျိုးရုံတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက စိုက်နည်းစနစ်၊ အရင်းအနှီး၊ အပင်ဝင်ဆံ့မှု၊ သီးနှံအထွက်နှုန်းနှင့် ရရှိမည့်အကျိုးအမြတ်တို့ကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ဥက္ကဋ္ဌများသည် အဆင့်မြင့်သစ်သီးဝလံအအေးခန်းနှင့် ထုပ်ပိုးစက်ရုံသို့ ရောက်ရှိပြီး ခေတ်မီစက်ပစ္စည်းများအသုံးပြု၍ သစ်သီးဝလံများအား တန်ဖိုးမြှင့်ထုတ်ကုန်များပြုလုပ်ကာ စနစ်တကျထုပ်ပိုးထားမှုများကို လေ့လာကြရာ ညွှန်ကြားရေးမှူး ချုပ်နှင့် တာဝန်ရှိသူများက သီးနှံအမယ်အလိုက် ထုတ်လုပ်မှုနှင့် ဈေးကွက်အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးက လယ်ယာကဏ္ဍထွက်ကုန် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ်ထုတ်လုပ်၍ ထုပ်ပိုးမှုကောင်းကောင်းဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီစွာ စနစ်တကျထုပ်ပိုးတင်ပို့ ရောင်းချခြင်းအားဖြင့် မူလရရှိသည့်တန်ဖိုးထက် အဆပေါင်းများစွာ တိုးတက်လာနိုင်သဖြင့် အခြေခံစိုက်ပျိုးထုတ်လုပ်နေသည့် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိ ခံစားနိုင်မည်ဖြစ်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် တန်ဖိုးမြှင့်ထုတ်လုပ်သည့် လယ်ယာထွက်ကုန်များ၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ထူထောင်အကောင်အထည်ဖော်ဆောင်နိုင်ရေး ပုဂ္ဂလိကအခန်းကဏ္ဍမှ ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော်ဆောင်ရွက်ကြရေးအတွက် နိုင်ငံတော်သမ္မတ၏ တိုက်တွန်း လမ်းညွှန်ချက်များအပေါ် အထူးအလေးထား၍ အကောင်အထည်ဖော်ပေးကြရန် ဆွေးနွေးပြောကြားခဲ့သည်။

ထို့ပြင် ဤသို့ဆောင်ရွက်နိုင်ခြင်းအားဖြင့် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်း ရှိသော တောင်သူလယ်သမားများ ဒေသအလိုက်ဝင်ငွေများ တိုးတက်ရရှိလာမည်ဖြစ်သည့်အတွက် နိုင်ငံတော်၏ ယနေ့မျှော်မှန်းချက်ဖြစ်သော ကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်း၊ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံစာရင်းတို့မှ လက်တွေ့လွန်မြောက်နိုင်မည်မှာ အလွန်သေချာပါကြောင်းဖြင့်လည်း ပြည်ထောင်စုဝန်ကြီးက အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# ဝေဘာဂီဆေးရုံတက်ရောက်ကုသလူနာ ကျန်းမာရေးတိုးတက်ကောင်းမွန်

**နေပြည်တော် ဩဂုတ် ၂၂**

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကူးစက်မြန်အီဘိုလာရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း (Surveillance & Response) ကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီက အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းဖြင့် ဝင်ရောက်လာသော ခရီးသည်တစ်ဦးကို ဝေဘာဂီ အထူးကုဆေးရုံတွင် အထူးကုဆရာဝန်ကြီးများပါဝင်သော အဖွဲ့က အထူးကြပ်မတ် ကုသမှုပေးခြင်းနှင့် ၎င်းနှင့် အနီးကပ်ထိတွေ့ခဲ့သူ (Close Contact) လေးဦးအား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**မတွေ့ရှိရ**

အထူးကုဆရာဝန်ကြီးများနှင့် အဖွဲ့က အထူးကြပ်မတ်ဆေးကုသပေးမှုကြောင့် ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက အဆိုပါ လူနာသည် အဖျားကျ၍ ခန္ဓာကိုယ်အပူချိန် ပုံမှန်ဖြစ်ခြင်း၊ သွေးပေါင်ချိန်ကောင်းမွန်ခြင်း (၁၂၀/၈၀ မီလီမီတာမာကျူရီ)၊ သတိကောင်းစွာ ရရှိလာခြင်း၊ ယခင်ကထက် ပိုမိုလမ်းလျှောက်လာနိုင်ခြင်းတို့ တွေ့ရှိရပြီး ဆေးရုံစတက်သည့်နေ့မှစ၍ ခန္ဓာကိုယ်အတွင်းအပြင်တို့တွင် သွေးယိုစီးခြင်းလက္ခဏာများ လုံးဝမတွေ့ရှိရကြောင်း၊ အဆိုပါလူနာ၏ ကျန်းမာရေးအခြေအနေမှာ ယမန်နေ့ကထက် ပိုမိုတိုးတက်ကောင်းမွန်လာကြောင်းနှင့် အခြားလေးဦး၏ ကျန်းမာရေးအခြေအနေမှာလည်း လုံးဝ ကောင်းမွန်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



**မြန်မာ-ထိုင်းနိုင်ငံ နယ်စပ် မြဝတီမြို့ ချစ်ကြည်ရေးတံတား စစ်ဆေးရေးဂိတ်တွင် ဩဂုတ် ၂၁ ရက်က မြဝတီခရိုင် ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက တစ်ဖက်နိုင်ငံမှ ဝင်ရောက်လာသူများအား အီဘိုလာဗိုင်းရပ်စ်ရောဂါကူးစက်ခံရခြင်း ရှိ/မရှိ စစ်ဆေးစဉ်။**

(၀၈၀)

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**မော်လမြိုင် ဩဂုတ် ၂၂**

ဘားအံမှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော Caldina အမျိုးအစားယာဉ်ကို သထုံမြို့ပေါ်တော်မူကျေးရွာ မော်လမြိုင်-ရန်ကုန်ကားလမ်းမပေါ်တွင် ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် လိုက်ပါလာသူတစ်ဦးထံမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၄၁ ပြား သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၁ရက် နံနက် ၄ နာရီ မိနစ် ၅၀ က သထုံမြို့မရဲစခန်းမှုနယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်တင့်လွင် ဦးစီးတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သထုံမြို့ ပေါ်တော်မူကျေးရွာ မော်လမြိုင်-ရန်ကုန်ကားလမ်းမတွင် ယာဉ်များကို ရပ်တန့်စစ်ဆေးနေစဉ် ဘားအံဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း သူရိန်လင်း (ခ)စောသူရိန် (၂၆နှစ်) ဘူတာလမ်း ဇိုင်းကနိုင်း မြောက်ပိုင်းရပ်ကွက် ပဲခူးမြို့နေသူ မောင်းနှင်ပြီး ယာဉ်ပေါ်တွင် ကျော်သူရ (၂၄နှစ်) ဗိုလ်အောင်ကျော်လမ်း အလင်းရောင် (၂) ရပ်ကွက် ပဲခူးမြို့ လိုက်ပါလာသည့် ယာဉ် အမှတ် 7C/-------Caldina အမျိုးအစား အဖြူရောင် (လိုင်စင်စိစစ်ဆဲ) ယာဉ်ကိုစစ်ဆေးရာ ယာဉ်ပေါ်တွင် လိုက်ပါလာသူ ကျော်သူရဝတ်ဆင်ထားသော ဂျင်းဘောင်းဘီ ယာဘက်ရှေ့ အိတ်ကပ်အတွင်း၌ အပြာရောင် ကပ်ခွာအိတ်အတွင်း ထည့်ထားပြီး အဖြူရောင်ပလတ်စတစ်အိတ်ဖြင့်ထုပ်လျက် ပန်းရောင်တိပ်ဖြင့် ပတ်ထားသော WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၃၉ ပြား၊ အစိမ်းရောင်စိတ်ကြွရူးသွပ်ဆေးပြား နှစ်ပြား စုစုပေါင်း ၁၄၁ ပြား အလေးချိန် ၁၄ ဒသမ ၁ ကီလိုဂရမ်ခန့်(ကာလပေါက်ဈေး တစ်ပြားလျှင် ၅၀၀၀)နှုန်းဖြင့် ၇၀၅၀၀၀၊ ယာဉ်ပေါ်တွင် အလျား ၁၇လက်မ၊ အနံ ၅ ဒသမ ၅ လက်မခန့်ရှိ ခဲစက္ကူပြားတစ်ပြား၊ အအေးစုပ်ပိုက်အပြာရောင် ခြောက်ချောင်း၊ အဝါရောင် တစ်ချောင်း၊ ပေါင်းခုနစ်ချောင်း၊ AOLAILLUD တံဆိပ်ပါ အနက်ရောင်ဘေးလွယ်အိတ်တစ်လုံး၊ ဆင်းကတ်ပါ I- Phone S5အမျိုးအစား အဖြူရောင်လက်ကိုင်ဖုန်းတစ်လုံး၊ ဆင်းကတ်ပါ DGVO အမျိုးအစား အနက်ရောင်လက်ကိုင်ဖုန်းတစ်လုံး၊ ဆင်းကတ်ပါ Y-330 HUAWEI အမျိုးအစား အနက်ရောင် လက်ကိုင်ဖုန်း တစ်လုံး၊ Giordano တံဆိပ်ပါ အနက်ရောင်ခေါက်ပိုက်ဆံအိတ် တစ်လုံး၊ အပြာ၊ မီးခိုး၊ အနီရောင်ဂက်စ်မီးခြစ် သုံးလုံး၊ ငွေစက္ကူရောရာ ၁၉၇၀၀၀ တို့ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းခဲ့သည်။

မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိသူ ကျော်သူရနှင့် သူရိန်လင်း (ခ) စောသူရိန်တို့နှစ်ဦးအား သထုံမြို့မရဲစခန်းမှ အမှုရေးဖွင့်ပြီး သထုံမြို့နယ်ရဲတပ်ဖွဲ့မှ မူးယစ်တပ်ဖွဲ့စု(သထုံ)နှင့် မူးယစ်တပ်ဖွဲ့စု(မြဝတီ)တို့နှင့် ပူးပေါင်းကာ ကွင်းဆက်ဖော်ထုတ်စစ်ဆေးနေကြောင်း သိရသည်။ **သိန်းလှိုင်(မော်လမြိုင်)**

မူးယစ်ဆေးဝါးအစ ဆေးလိပ်က

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# မိဘမေတ္တာ စမ်းရေပြာနှင့် ပမာနိုင်းဆို မနှိုင်းလိုပါ

ဆရာသောင်း (ရမည်းသင်း)

ဩော်.. သေသောသူ ကြာရင်မေ့လို့ဆိုကြပေမယ့် ကျေးဇူးရှင်မိဘနှစ်ပါးကိုတော့ ဘယ်မေ့နိုင်ပါ့မလဲဗျာ။

**အဖေ့ဘဝငယ်ငယ်ကတည်းက ဆေးလိပ်၊ ကွမ်းယာ၊ အရက်ဆိုဝေလာဝေးပါ။ ဒါပေမယ့် ရွာသူကြီးဖြစ်လာတဲ့အခါမှာ မြို့ပိုင်၊ နယ်ပိုင်တွေကို ဧည့်ခံရင်းက အရက်သမားဖြစ်မှန်းမသိ ဖြစ်ခဲ့ရရှာတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့တွေက ဇွတ်အတင်းတိုက်လို့ ကြောက်ပြီးသောက်ခဲ့ရတာကို။ နောက်ပြီး အရက်လေးဝင်သွားပြီဆိုမှတော့ ကွမ်းယာတို့၊ ဆေးလိပ်တို့ကလည်း အဖော်အပေါင်းတွေဖြစ်ရပြီပေါ့။**

ဒါပေမယ့်. . . ကျွန်တော်တက္ကသိုလ်ဝင်တန်းအောင်တဲ့နှစ်မှာ အဖေဟာ ကျွန်တော့်ကို တက္ကသိုလ်ထားနိုင်အောင်ဆိုပြီး ကုန်ကျစရိတ် ချွေတာတဲ့အနေနဲ့ ကွမ်းရော၊ ဆေးလိပ်ရော၊ အရက်ပါ တိခနဲ ဖြတ်လိုက် ပါလေရောဗျာ။ ဆရာဝန်နဲ့ စနစ်တကျဖြတ်တာမဟုတ်လေတော့ အဖေ့မှာ အလွန်ကို ဒုက္ခရောက်ပြီး ဝေဒနာအမျိုးမျိုးခံစားလာရရှာတယ်။ အရင်က နှစ်ရှည်လများ အရက်သေစာနှင့် ကွမ်းယာ၊ ဆေးလိပ်သောက်စားလာခဲ့တဲ့ ဒဏ်တွေကြောင့် မကြာခင်မှာဘဲရုတ်တရက်လေဖြတ်သွားပြီး အိပ်ရာထဲမှာဗုန်းဗုန်းလဲခဲ့ရတာပေါ့။ အင်း. . . သားသမီးတွေ ပညာတတ်ဖြစ်ရေးအတွက် သားသမီးတွေကို ငဲ့ကွက်ပြီး လူတကာ အလွယ်တကူမဖြတ်နိုင်တဲ့ အရက်ရော၊ ကွမ်းရော၊ ဆေးလိပ်ပါ တိကနဲဖြတ်နိုင်ခဲ့တာဟာ သားသမီးတွေအပေါ်မှာထားရှိတဲ့ အဖေ့မေတ္တာ၊ အဖေ့ကျေးဇူးကြောင့်ဆိုတာ ကျွန်တော်ကောင်းကောင်းကြီး နားလည်ခဲ့ရပါတယ်။

**အဖေအခုလို လေဖြတ်သွားတာကို ကျွန်တော်ဟာ ဝမ်းလည်းနည်းတယ်၊ ဝမ်းလည်းသာမိတယ်။** ဝမ်းနည်းရတာကတော့ အဖေဟာ ကွမ်းယာ၊ ဆေးလိပ်နဲ့ အရက်တွေသောက်ခဲ့လို့ အိုချိန်မတန်သေးဘဲအိုခဲ့ရတယ်၊ နာချိန်မတန်သေးဘဲ နာခဲ့ရပြီး မမျှော်လင့်ဘဲ လေဖြတ်သွားတာကြောင့်ပါ။ ကြံကြံဖန်ဖန်ဝမ်းသာမိတာကတော့ လေဖြတ်နေတဲ့အဖေ့ကို ကျေးဇူးဆပ်တဲ့အနေနဲ့ အချိန်ပြည့်ပြုစုစောင့်ရှောက်ခွင့်ရတော့မှာမို့ပါ၊ နောက်ပြီး ကွမ်းယာ၊ ဆေးလိပ်နဲ့ အရက်တွေရဲ့ ဆိုးကျိုးတွေကိုလည်း အရင်က သူပြောလူပြောလောက်သာ ကြားဖူးခဲ့ပေမယ့် အဖေ့ကျမှပဲ မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရတာကြောင့် ဒီအန္တရာယ်တွေကို အကြောက်ကြီးကြောက်မိသွားခဲ့ပါတယ်။ အဖေ မသေခင် အမိကမှာသွားတာကတော့ "**အဖေ့လို ဝေဒနာဆိုးတွေ ခံစားရပြီး ဒုက္ခိတဘဝမရောက်ရအောင် ကွမ်းယာ၊ ဆေးလိပ်၊ အရက်နဲ့ မူးယစ်ဆေးဝါးမှန်သမျှ ဘာကိုမှ မသုံးစွဲမိအောင် ဆင်ဆင်ခြင်ခြင်နေကြပါ**" လို့ ပြောဆိုဆုံးမသွားခဲ့တာပါပဲ။ ကျွန်တော်ပြုစုစောင့်ရှောက်နေရင်းက လေဖြတ်နေတဲ့အဖေဟာ လေးငါးနှစ်လောက်ကြာမှ ကွယ်လွန်သွားခဲ့ပါတယ်။

အဖေ့ကို ပြုစုစောင့်ရှောက်ပြီး အဖေမရှိတော့တဲ့နောက်ပိုင်းမှာ မကြာပါဘူး၊ အမေ့အလှည့်ရောက်ခဲ့ရပြန်ပါတယ်။ အေးလေ. . . ကွမ်းယာ၊ ဆေးလိပ်နဲ့ အရက်တွေကြောင့် အဖေလေဖြတ်ခဲ့ရသလို အမေကလည်း ၁၃ နှစ်သမီးကတည်းက ဆေးလိပ်သောက်ခဲ့တာ နှစ်ရှည်လများကြာပြီဆိုတော့ ဆေးလိပ်ရဲ့ဆိုးကျိုးတွေကို လှလှပပကြီးခံစားရပြီပေါ့။ **အမေငယ်ငယ်တုန်းကတည်းက အမေ့ရဲ့အဖေကို ဆေးလိပ်မီးညှိပေးရင်းက ဆေးလိပ်ကြိုက်သွားခဲ့တာလို့ အမေက ပြောပါတယ်။** ဆေးလိပ်နံ့ဟာ ဆေးလိပ်မကြိုက်တဲ့သူတွေအတွက် အနံ့ဆိုးတစ်ခုဖြစ်ပေမယ့် ဆေးလိပ်ကြိုက်သူတွေအတွက်ကတော့ ကောင်းလား မကောင်းလား မသိနိုင်လောက်အောင်ကို စွဲနေတတ်ကြတာပါ။ တညင်းသီးတို့ ဒူးရင်းသီးတို့အနံ့တွေဟာ မကြိုက်သူတွေအတွက် အနံ့ဆိုးဖြစ်ပေမယ့် ကြိုက်သူတွေအတွက်ကတော့ မွှေးကြိုင်နေတာပဲလို့တောင် ပြောကြသေးတယ်။ "**ရှမ်းကြိုက်တော့ နွားချောတယ်လို့ ဆိုသလိုပါပဲ။**"

အမေဟာ အပျိုဖော်ဝင်ကာစကတည်းက ဆေးလိပ်ကို ယောကျ်ားလေးတွေနဲ့ အပြိုင်သောက်ခဲ့သလို အိမ်ထောင်ကျပြီးတဲ့အချိန်အထိ တန်းတန်းစွဲသောက်လာခဲ့တာပါ၊ ဒီလိုသောက်ခဲ့လို့လည်း ကိုယ်ဝန်ဆောင်ချိန်အတွင်းမှာတောင် မရှောင်နိုင်ဘဲ ဆေးလိပ်သောက်ခဲ့မိလို့ သွေးလွန်တာတွေ၊ သားပျက်သားလျှောတာတွေ ဖြစ်ခဲ့ရတယ်လို့ လွန်မှပဲ သိခဲ့ရတယ်၊ အမေဟာ သားသမီးရှစ်ယောက်မွေးခဲ့ပေမယ့် လေးယောက်ပဲ အဖတ်တင်ခဲ့တယ်၊ ကလေးနှစ်ယောက်ဟာ မီးတွင်းထဲမှာပဲ သေဆုံးသွားပြီး ကျန်တဲ့ကလေးနှစ်ယောက်က လသားလေးတွေမှာပဲ သေကုန်ကြတယ်။ အဖတ်တင်တဲ့ကလေးတွေကျပြန်တော့လည်း ကလေးနှစ်ယောက်က လမစေ့ဘဲ မွေးခဲ့ရပြီး ကျန်ကလေးနှစ်ယောက်က ပေါင်ချိန်မပြည့်ဘဲ ပိန်ပိန်လှီလှီလေးတွေ ဖြစ်နေကြတယ်။ နောက်ပြီး မွေးရာပါ ချို့ယွင်းချက်လေးတွေ ပါလာကြလို့ ခန္ဓာကိုယ်ကြီးထွားမှုနှေးကွေးကြတာကြောင့် သားသမီးတွေကို ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်ကစလို့ ကြီးပြောင်စင်တဲ့အထိ ပိုးမွေးသလိုမွေးခဲ့ရတယ်လို့ အမေက မကြာခဏပြောလေ့ရှိတယ်။

**အမေဟာ ကိုယ်ဝန်ဆောင်နေချိန်မှာ သူမဆင်မခြင် ဆေးလိပ်သောက်ခဲ့မိလို့ မွေးလာတဲ့သားသမီးတွေ အခုလို ဒုက္ခအမျိုးမျိုးကြုံတွေ့ခဲ့ရတာလို့ ဆရာဝန်တွေက ပြောပြတဲ့အခါမှာ သူ့ကိုယ်သူ ယူကျုံးမရဖြစ်ပြီး နေ့စဉ်နေ့တိုင်း ဝမ်းနည်းပက်လက် ငိုကြွေးခဲ့တာကြောင့် အမေ့မှာ မျက်စိတိမ်စွဲပြီး နှလုံးရောဂါပါ ရလာခဲ့တယ်။** ဆေးလိပ်တွေ သောက်ပါများတာကြောင့်လည်း မောပန်းလာတယ်။ ပန်းနာရင်ကျပ်နဲ့ အဆုတ်ရောဂါပါ ဖြစ်ခဲ့ရတယ်။ ဆေးလိပ်ရဲ့ဆိုးကျိုးတွေကို အလူးအလဲခံစားလာရတဲ့ အမေဟာ ဘယ်လိုပဲနောင်တကြီးစွာရခဲ့ပေမယ့် **နောင်တဆိုတာ နောင်မှပဲ ရတတ်စမြဲမို့** မကောင်းမှန်းသိပါလျက်နဲ့ ဆေးလိပ်ကို ဘယ်လိုမှ ဖြတ်လို့မရတော့ပါဘူး။

> **ဆေးလိပ်သောက်တာနဲ့ ကွမ်းစားတာတွေကြောင့် နှလုံးသွေးကြောကျဉ်းတာတွေ၊ ရုတ်တရက် နှလုံးသွေး ရပ်ပြီး သေဆုံးတာတွေ၊ လေဖြတ်တာတွေ ဖြစ်နိုင်တယ်ဆိုပဲ။ နောက်ပြီး အဆုတ်ပွွန်ရောင်တာတွေ၊ အဆုတ်ကင်ဆာဖြစ်တာတွေ၊ ပါးစပ်၊ လျှာ၊ အစာပြွန်ဝ၊ ဆီးအိမ်ကင်ဆာနဲ့ တခြားကင်ဆာအမျိုးမျိုးတွေ....**

အမေအခုလို ဆေးလိပ်ကြောင့် ဝေဒနာဆိုးတွေ ခံစားနေရတာကို မမြင်ရက်တဲ့ ကျွန်တော်ဟာ ဆေးလိပ်ဖြတ်ဖို့ ပြောကြည့်ပါသေးတယ်။ ဒါပေမယ့် အမေဟာ သားစိတ်ချမ်းသာအောင် ဖြတ်ချင်ယောင်ဆောင်ပြီး သားကွယ်ရာမှာ ခိုးသောက်တာပါပဲ။ အေးလေ ဆေးလိပ်ဆိုတာမျိုးကလည်း ဘယ်လောက်ပဲ ဝေဒနာဆိုးတွေခံစားရလို့ ဖြတ်ချင်ပေမယ့် ဖြတ်လို့မရလောက်အောင် စွဲလမ်းစေတဲ့ မူးယစ်ဆေးဝါးတစ်မျိုးပဲ မဟုတ်လား။ "**အမေဟာ ဆေးလိပ်ကို ဘယ်လောက်အထိ စွဲနေတုန်းဆိုတော့ သူသေရင်အသုဘအခေါင်းထဲမှာ သူသောက်နေကျ ဆေးလိပ်တစ်စည်းလောက် ထည့်ပေးပါလို့တောင် မှာသွားရှာတယ်။**"

အမေဟာ သူသာ ဒီလောက်အထိ ဆေးလိပ်ကိုစွဲနေပေမယ့် သားသမီးလေးယောက်စလုံးကို "**ဆေးလိပ်လုံးဝမသောက်ပါဘူး**" ဆိုတဲ့ ကတိတောင်းသွားပါသေးတယ်။ ဩော်. . . မိဘများ သူတို့ကိုယ်တိုင် ဘယ်လိုအမှားမျိုးကိုဖြစ်ဖြစ် မှားမှန်းမသိလို့ လုပ်ခဲ့မိပေမယ့် သားသမီးတွေကိုတော့ လုံးဝမမှားစေချင်ကြတာ ဓမ္မတာပါပဲလေ။ သူတို့ဒုက္ခရောက်သလို မရောက်စေချင်ကြတာ မိဘမေတ္တာပါ။

ကျွန်တော်ဟာ ဒီဘဝမှာ မိဘစကားကို အမြဲတမ်းနားထောင်ပြီး မိဘကိုပြုစု စောင့်ရှောက် လုပ်ကျွေးခဲ့ပေမယ့် ကျွန်တော်မွေးထားတဲ့ သားကတော့ ကျွန်တော့်စကားကို လုံးဝနားမထောင်ပါဘူး။ ကွမ်းလည်းစားတယ်၊ ဆေးလိပ် လည်းသောက်တယ်။ နောက်ပြီး အရက်လည်းသောက်ပါတယ်။ ကျွန်တော် ဘယ်လိုပဲ ဆုံးမပေမယ့် အရာမထင်ခဲ့ပါဘူး။ အရေးမလုပ်ခဲ့ပါဘူး။

"**သားရယ်..ဆေးလိပ်အခိုးအငွေ့တွေထဲမှာ ဓာတ်ပစ္စည်းအမျိုးပေါင်း ၄၃၀၀ ကျော်တောင် ပါတယ်တဲ့။ အဲဒီအထဲမှာ လူတွေကို အန္တရာယ်ဖြစ်စေနိုင်တဲ့ (နီကိုတင်း၊ ကတ္တရာ၊ ကာဗွန်မိုနောက်ဆိုက်၊ ဗင်ဇင်းနဲ့ အမိုးနီးယားတွေ) ပါပြီး နီကိုတင်းက အများဆုံးပါဝင်တဲ့အတွက် နီကိုတင်းရဲ့ စွဲလမ်းစေတဲ့ အာနိသင်ကြောင့် တစ်ခါသောက်မိရင် နောက်ထပ်မသောက်ရ မနေနိုင်အောင် ဖြစ်လာတာတဲ့။ ဆေးလိပ်သောက်တာနဲ့ ကွမ်းစားတာတွေကြောင့် နှလုံးသွေးကြောကျဉ်းတာတွေ၊ ရုတ်တရက်နှလုံးသွေးရပ်ပြီး သေဆုံးတာတွေ၊ လေဖြတ်တာတွေ ဖြစ်နိုင်တယ်ဆိုပဲ။ နောက်ပြီး အဆုတ်ပွွန်ရောင်တာတွေ၊ အဆုတ်ကင်ဆာဖြစ်တာတွေ၊ ပါးစပ်၊ လျှာ၊ အစာပြွန်ဝ၊ ဆီးအိမ်ကင်ဆာနဲ့ တခြားကင်ဆာအမျိုးမျိုးတွေ၊ ခြေပုပ်၊ လက်ပုပ်ရောဂါတွေ ဖြစ်နိုင်တဲ့အပြင် မရှိသေ့စကားပြောရရင် သားတို့အဖေတို့လို အမျိုးသားတွေမှာ အိမ်ထောင်ရေးသုခ အပြည့်အဝ မခံစားနိုင်တော့ဘူးလို့ ကျွမ်းကျင်သူတွေနဲ့ ဆရာဝန်တွေက အခိုင်အမာ ပြောကြရေးကြတယ် သားရဲ့..သားလည်း ခေတ်ပညာတတ် ဘွဲ့ရဝန်ထမ်းတစ်ယောက်ပဲ သားရယ်၊ စာပေတွေထဲမှာ ဖတ်ရမှာပါ။**" အဲဒီလို ဘယ်လိုပင် အကျိုးအကြောင်းပြပြီး ဆုံးမပေမယ့် သောက်မြဲသောက်၊ စားမြဲစား၊ မူးမြဲမူးလျက်ပါပဲ။ အင်း. . . အဖေပြောခဲ့တဲ့ပုံပြင်လေး သွားပြီး သတိရတယ်။

ရှေးတုန်းက ရွာတစ်ရွာမှာ သားအမိနှစ်ယောက်ရှိသတဲ့။ သားလေး ပြုံးလိုက်တိုင်း မအေက မှိုင်မှိုင်သွားတယ်ဆိုပဲ။ "**ဘာဖြစ်လို့ မှိုင်သွားရတာလဲ အမေ**" လို့ သားလေးကမေးတဲ့အခါမှာ. . "**ဒီလိုသားရဲ့..မင်းရဲ့သွားတွေထဲမှာ ထူးခြားတဲ့ သွားတက်လေးတစ်ခုပါတယ်။ အဲဒီသွားတက်လေးပါတဲ့သူဟာ ကြီးလာရင် ဘုရင်ဖြစ်တတ်တယ်တဲ့၊ သားဘုရင်ဖြစ်ပြီဆိုရင် ဘယ်လောက်ပဲ တရားမျှတအောင် အုပ်ချုပ်ပေမယ့် မုန်းတဲ့သူကတော့ ရှိဦးမှာပဲ။ သားကို မုန်းတဲ့သူက သားရဲ့အသက်ကို အန္တရာယ်ပြုမှာအမေတွေးပြီး စိတ်ပူလို့ သွားတက်လေးကိုမြင်တိုင်း မှိုင်မိတာပါ သားရယ်**" လို့လည်း ပြောလိုက်ရော၊ "**အမေစိတ်မချမ်းသာရင် သားဘုရင်မဖြစ်ချင်တော့ပါဘူး အမေရယ်**" လို့ပြောပြီး သားလေးဟာ အနားမှာရှိတဲ့တုတ်ကလေးနဲ့ သူ့သွားတက်လေးကို သူကိုယ်တိုင် ရိုက်ချိုးလိုက်သတဲ့ဗျာ။ လိမ္မာလိုက်တဲ့သား ရှာမှရှားပဲ။

ကျွန်တော့်သားကတော့ မိုက်လိုက်တဲ့သား ရှာမှရှားပဲ။ သောက်မြဲ၊ စားမြဲ၊ မူးမြဲပါပဲ။

အဲ. . . ဒါပေမယ့် ကံများကောင်းချင်တော့ သားကအိမ်ထောင်ကျလာပြီး သားတစ်ယောက်ထွန်းကားပါလေရောဗျာ။ ဖအေကိုပြန်သတ်တဲ့ အဇာတသတ်တောင် သားတစ်ယောက်ရမှ မိဘမေတ္တာကို သိတယ်ဆိုသလို၊ အခုမိဘစကား နားမထောင်တဲ့ သားတော်မောင်ကလည်း သားတစ်ကောင်နဲ့ တို့လို့တွဲလဲဖြစ်မှပဲ မိဘမေတ္တာကို သိလာတယ်ထင်ပါရဲ့၊ အင်း. . သူ့သားကျတော့ ချစ်လိုက်တာ တုန်လို့။ အဲ့ဒါကို အခွင့်ကောင်းယူပြီး. .

"**ဒီမယ်သား...မင်းဆေးလိပ်ဆက်သောက်မယ်ဆိုရင်၊ မင်းသောက်တဲ့ဆေးလိပ်ငွေ့တွေကို ရှူရှိုက်မိတဲ့ မင်းရဲ့သားလေးဟာ အဆုတ်ပြွန်တွေရောင်လာမယ်၊ ပန်းနာရင်ကျပ်ဖြစ်လာမယ်၊ နားပြည်ယိုလာမယ်၊ နောက်ဆုံး.. အဆုတ်ရောဂါဖြစ်ပြီး လသားအရွယ်မှာတင် သေဆုံးသွားနိုင်တယ်တဲ့သားရယ်**" လို့လည်း ပြောလိုက်ရော. .

"**အို..သားရဲ့သားလေးကို ထိခိုက်မယ်ဆိုရင်တော့ သားဆေးလိပ်မသောက်တော့ပါဘူး အဖေရယ်**" တဲ့ဗျာ။

အဖေဆုံးမလို့မရတဲ့သားက သူ့သားဆုံးမမှပဲ လိမ္မာသွားတယ် ထင်ပါရဲ့။ ဩော်...ဒါကြောင့်လည်း. . . ။

## စွမ်းဆောင်ရည်မြှင့် သင်တန်းဖွင့်

**ပခုက္ကူ ဩဂုတ် ၂၂**

တတိယအဆင့် အရှိန်မြှင့်တင်ရေး စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၀ ရက်က ပခုက္ကူခရိုင်ဦးစီးဌာနမှူး ရုံးခန်းမ၌ ကျင်းပရာ ခရိုင်ဦးစီးဌာနမှူး ဦးသိန်းဝင်းက နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး တတိယအဆင့် အရှိန်မြှင့်တင်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးဌာနမှူး ဦးဝင်းလတ်က သင်တန်းနှင့်ပတ်သက်၍ အမှုထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားပြည့်ဝစေရန်အတွက်ဖွင့်လှစ်ရခြင်း အကြောင်း ပြောကြားသည်။

**အောင်(မန်းတက္ကသိုလ်)**



**ဩဂုတ် ၁၇ ရက်က မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနနုဂ္ဂဟအသင်း အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် သာသနနုဂ္ဂဟအသင်းမှကြီးမှူးကျင်းပသော ဒုတိယအကြိမ် ဓမ္မစက္ကပဝတ္တနသုတ်နှင့် အနတ္တလက္ခဏသုတ်တော်ရွတ်ဖတ်ပူဇော်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပရာ မြို့နယ်သာသနနုဂ္ဂဟသင်းဥက္ကဋ္ဌ ဦးဆွေဝင်းက ပထမဆုရရှိသော အမှတ် (၁၃) ရပ်ကွက် အသင်းကို ဆုများချီးမြှင့်ခဲ့ကြောင်းသိရသည်။**

မီးမီး(လှိုင်)

**ရန်ကုန် ဩဂုတ် ၂၂**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်လမ်းဆုံပိုင်း တောင်ပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မေးခိုင်ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းကို ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီက အဆိုပါရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးခန်း၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်ငန်းစီမံချက်ဖြင့်ပြုလုပ်သော မေးခိုင်ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းကို ဇန်နဝါရီလတွင် တစ်ကြိမ်၊ ဖေဖော်ဝါရီလတွင် တစ်ကြိမ်၊ ဩဂုတ်လတွင် တစ်ကြိမ် ဆောင်ရွက်လျက်ရှိရာ မင်္ဂလာဒုံမြို့နယ် ကျေးလက်ကျန်းမာရေးဦးစီးဌာနမှ ဒေါ်ဇင်လင်းမြတ် (ဘက်စုံသားဖွားဆရာမ) ဦးဆောင်၍ မေးခိုင် ကာကွယ်ဆေးထိုးနှံခြင်း

## မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းဆောင်ရွက်



လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ရပ်ကွက် ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဝင်များက ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အဆိုပါ မေးခိုင်ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း အခမ်းအနားသို့ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခင်ဇော်(မင်္ဂလာ)**

ပြည်တွင်းသတင်း

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးတို့က ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့အား ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံ





ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် **General Tanasak Patimapragorn** နှင့်ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံစဉ်။

(သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၂၂**

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် မြန်မာ-ထိုင်း တပ်မတော်တို့၏ 2nd High Level Committee Meeting သို့ တက်ရောက်ခဲ့သော ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn နှင့်ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဩဂုတ် ၂၁ ရက်ညပိုင်းက ဧရာဝတီမြစ်အတွင်း RVINDOCHINA PANDAW သင်္ဘောပေါ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ထိုင်းတပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn နှင့် ဇနီး Mrs. Penlaksana Patimapragorn တို့နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှ‌ဌေးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ထိုင်းနိုင်ငံဆိုင်ရာမြန်မာနိုင်ငံစစ်သံမှူး၊ ထိုင်းဘုရင့်တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Pisanu Suvanajata ထိုင်းဘုရင့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဧည့်သည်တော်များ ညစာစားပွဲသို့တက်ရောက်လာကြသူများသည် ပုဂံမြို့ ဧရာသင်္ဘောဆိပ်မှ သင်္ဘောဖြင့်စတင်ထွက်ခွာ၍ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် နေဝင်ဆည်းဆာအလှ ကြည့်ရှုကြပြီး ညအချိန်မြစ်အတွင်း ရောင်စုံအလှမီးမျှောပွဲအား ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn တို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ သင်္ဘောပေါ်တွင်ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း Tri Family Entertainment အဖွဲ့နှင့် မြဝတီတေးဂီတအဖွဲ့တို့က တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



# ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဩဂုတ် ၂၂**

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သော 2nd Myanmar-Thailand High Level Committee Meeting သို့ တက်ရောက်ခဲ့သည့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn နှင့်ဇနီး Mrs.Penlaksana Patimapragorn ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသည်။

အဆိုပါ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn နှင့် ဇနီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Pisanu Suvanajata၊ ထိုင်းဘုရင့် တပ်မတော် (ကြည်း၊ရေ၊လေ) စစ်သံမှူးများက နေပြည်တော်လေဆိပ်တွင် လိုက်ပါပို့ဆောင် နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(ဝဲပုံ) (မြဝတီ)**

❒ ရှေ့ဖုံးမှ

နှင့်ခန့်မှန်းလူဦးရေ ၃၁၆၅၂၇၅ ဦး ရှိသည်။

မွန်ပြည်နယ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းပေါင်း ၂၆ လမ်းနှင့် မိုင်ပေါင်း ၄၅၆ မိုင် ရှိ၍ ပြည်ထောင်စုအစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာနက ရန်ကုန်-မော်လမြိုင်-ထားဝယ်- မြိတ် လမ်းမကြီးမှ (သိမ်ဇရပ်-သထုံ-မုတ္တမအပိုင်း)၁၀၂ မိုင်၊ စစ်တောင်းတံတား (မုပ္ပလင်) ချဉ်းကပ်လမ်း တစ်မိုင် ငါးဖာလုံ၊ ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ် လမ်းမကြီးမှ (မော်လမြိုင်- ရေး-မလွဲတောင်အပိုင်း)၁၁၂ မိုင် ၆ ဖာလုံ၊ သံလွင်တံတား( မော်လမြိုင်) ချဉ်းကပ်လမ်း ၃ မိုင် ၄ ဖာလုံ၊ သထုံ-ဘားအံလမ်း ၈ မိုင် ၁ ဖာလုံ၊ မော်လမြိုင်-ဇာသပြင်-အိန္ဒူလမ်း၊ ၁၂ မိုင် ၃ ဖာလုံ၊ ဘီးလင်း-နတ်ကြီး- ဖာပွန်လမ်း ၃၂ မိုင် ၅ ဖာလုံ၊ သံဖြူဇရပ်-ဘုရားသုံးဆူလမ်း ၉ မိုင် ၅ ဖာလုံ၊ မုဒုံ-မြဝတီလမ်း (မုဒုံ - ချောင်းနှစ်ခွ-ပဲသရောအပိုင်း)၃၂ မိုင် ၅ ဖာလုံ၊ လမ်းပေါင်း ၉ လမ်း၊ မိုင်ပေါင်း ၃၁၅ မိုင် ၂ ဖာလုံကို စီမံခန့်ခွဲလျက်ရှိသလို မွန်ပြည်နယ်အစိုးရက လမ်းပေါင်း ၁၇ လမ်း၊ မိုင်ပေါင်း ၁၄၀မိုင် ၆ ဖာလုံကို စီမံခန့်ခွဲလျက်ရှိသည်။ ပြည်နယ်အတွင်း ပေ ၁၈၀ အထက်တံတားကြီး လေးစင်း တည်ဆောက်ပေးထားပြီး နောက်ထပ် မော်လမြိုင်နှင့် ချောင်းဆုံကို ကုန်းလမ်းကကူးသန်းသွားလာနိုင်ရန်အတွက် ပေ ၆၀၀၀ သံလွင်တံတား (ချောင်းဆုံ)ကို မကြာမီထပ်မံ တည်ဆောက်ပေးသွားဦးမည်ဟု သိရသည်။

လျှပ်စစ်ကဏ္ဍတွင် ဓာတ်အား မဂ္ဂါဝပ် ၂၈၀ ထွက်ရှိမည့် အကြီးစား ဘီးလင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှာ တည်ဆောက်ဆဲဖြစ်ပြီး မျက်တောချောင်း(အကြီးစား)ရေအား လျှပ်စစ်စက်ရုံ တည်ဆောက်ရေးစီမံကိန်းတစ်ခုကိုလည်း ဆောင်ရွက်ရန်လျာထားသည်။ ယခုအခါ မော်လမြိုင်မြို့ ငန်းတေးရပ်ရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းပိုင် စက်ရုံဝင်းအတွင်း၌ Myanmar Lighting (IPP)Co.,Ltd. က မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် နားလည်မှုစာချွန်လွှာ စာချုပ်ချုပ်ဆို၍ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၃၀ အထိ ထုတ်လုပ်မည့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို ၂၀၁၃ ခုနှစ်မှစ၍ စတင်တည်ဆောက်ခဲ့ရာ ယခုအခါ အဆိုပါစက်ရုံမှ ပထမအဆင့်အဖြစ် ဓာတ်အား ၄၃ မဂ္ဂါဝပ်ထွက်ရှိနေပြီဖြစ်၍ မော်လမြိုင်မြို့ကို မီးပေးနေပြီဖြစ်သည်။

သတင်းသမား ကျွန်တော်သည် မွန်ပြည်နယ်အတွင်း သတင်းခရီး အခေါက်ခေါက်အခါခါ ရောက်ခဲ့ဖူးသော်လည်း သံဖြူဇရပ်၌ဂျပန်ခေတ်က နာမည်ဆိုးဖြင့် ကမ္ဘာကျော်ခဲ့သော မြန်မာ-ထိုင်း သေမင်းတမန်ရထားလမ်းဖောက်လုပ်ခဲ့ရာဒေသများသို့ သွားဖို့ကြိုးစားခဲ့သော်လည်း လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကြောင့် တစ်ခေါက်မှမရောက်ဖြစ်ခဲ့ပေ။ ၂၀၁၄ ခုနှစ် နှစ်ဦးပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးစိုးကျော်မိုး စီစဉ်ပေးမှုဖြင့် သံဖြူဇရပ်မှ ဘုရားသုံးဆူအထိ ဖောက်နေသော လမ်းသစ်မှ ကားတစ်စီးဖြင့် ရောက်ရှိသွားခဲ့သည်။

အဆိုပါ သံဖြူဇရပ်မှ ဘုရားသုံးဆူသို့ ယခင်ကသွားမည်ဆိုလျှင် မြန်မာ-ထိုင်း သေမင်းတမန် ရထားလမ်း ကျော်ဖြတ်သွားရမည်ဖြစ်ပြီး ကားလမ်းမရှိသဖြင့် နှစ်ညသုံးည ခြေကျင်ခရီးနှင်ရပေမည်။ လုံခြုံရေးအရလည်း စိတ်မချရသော ခရီးလမ်းဖြစ်သည်။

ယခုတော့ ထိုသို့မဟုတ်တော့ပြီ။ သံဖြူဇရပ်မှ ဘုရားသုံးဆူအထိ ယခင်သေမင်းတမန် ရထားလမ်းနေရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့များက ကားလမ်းကျယ်ကြီးဖောက်လုပ်ခဲ့ရာ ယခုအခါ ဘုရားသုံးဆူအထိ မြေသားလမ်းပေါက်သွားပြီဖြစ်၍ ထိုဒေသပြည်သူများတစ်ရွာနှင့်တစ်ရွာ၊ တစ်မြို့နှင့်တစ်မြို့ ကူးလူးသွားလာနေကြပြီး ဒေသထွက်ကုန်များလည်း မြို့တက်ရောင်းချနိုင်ရန်အတွက် ကားများပြေးဆွဲပေးလျက်ရှိနေပြီဖြစ်သည်။

ထို့ကြောင့် မွန်ပြည်နယ်သည် နယ်စွန်နယ်ဖျားပါမကျန် လမ်းတံတားများက ပန်းများပွင့်သလို ပွင့်ခဲ့ပြီဖြစ်၍ ဒေသတွင်းမှ ပြည်သူများမှာ သွားလမ်းသာ၍ လာလမ်းဖြောင့်လျက်ရှိနေကြပြီဖြစ်သည်။

# MBA(Economics)ပညာသင်ဆု တက်ရောက်ရန် ဂျပန်နိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၂**

ဂျပန်နိုင်ငံ တက္ကသိုလ်များ၌ ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိကျင်းပမည့် Japanese Development Scholarship(JDS) အစီအစဉ်ဖြင့် MBA (Economics)နှစ်နှစ် ပညာသင်ဆုတက်ရောက်သင်ကြားရန် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းဝင် မိကြည်ကြည်ဟန်သည် ဩဂုတ် ၂၁ ရက် နေ့လယ်ပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိုးလေဝသအခြေအနေ

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်ရှိနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** စစ်တွေမြို့တွင် ၅ ဒသမ ၃၂ လက်မ၊ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၃၅ လက်မ၊ ခန္တီးမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ ထီးလင်းမြို့တွင် ၁ ဒသမ ၆၅ လက်မ၊ ဂန့်ဂေါမြို့နှင့် ထားဝယ်မြို့တို့တွင် ၁ ဒသမ ၆၁ လက်မစီတို့ ဖြစ်ကြသည်။

**(မိုး/ဇလ)**

**လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် အောက်ပါအချက်များကို သတိထားဆောင်ရွက်ရန်-**

➢ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မီးခလုတ်၊ မီးပလပ်များအား ရေစိုလက်၊ ရေစိုနေသော ခန္ဓာကိုယ်၊ ရေစိုနေသောအဝတ်အစားဝတ်လျက် ကိုင်တွယ်ခြင်း မပြုရ။

➢ သံမံတလင်း၊ မြေပြင်ပေါ်၌ ခြောက်သွေ့သော ဖိနပ်စီးထားခြင်းမရှိဘဲ လျှပ်စစ်ပစ္စည်းများ၊ မီးခလုတ်၊ မီးပလပ်များအား ကိုင်တွယ် အသုံးမပြုရ။

➢ လျှပ်စစ်အသုံးအဆောင်ပစ္စည်းများကို ကလေးငယ်များ လက်လှမ်းမမီသောနေရာတွင် တပ်ဆင်အသုံးပြုရန်။

➢ နေအိမ်ရှိ လျှပ်စစ်ပစ္စည်းများအား တစ်ပြိုင်နက်အသုံးမပြုရ။

➢ ပျက်စီးနေသော မီးပလပ်၊ မီးခလုတ်များ၊ ဆော့ကက်များ အသုံးမပြုရ၊ အမြန်ဆုံးလဲလှယ်ရပါမည်။

➢ ဓာတ်အားလိုင်းအနီး ဓာတ်အားလိုင်းပေါ်ရှိ သစ်ပင် သစ်ကိုင်းများ ခုတ်လှဲခြင်းကို လျှပ်စစ်ဌာန၏ခွင့်ပြုချက်မရှိဘဲ မခုတ်ရ။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

ပြည်တွင်းသတင်း

# ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး



နေပြည်တော် ဩဂုတ် ၂၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် သီရိလင်္ကာနိုင်ငံ သမ္မတဟောင်း Chandrika Bandaranaike Kumaratunga ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်ညွှန့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒီမိုကရေစီဖော်ဆောင်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီရိလင်္ကာနိုင်ငံ သမ္မတဟောင်း Chandrika Bandaranaike Kumaratunga ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် အမှတ်တရမှတ်တမ်းဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

❋ ရှေ့ဖုံးမှ

စွမ်းဆောင် ပေးနိုင်သည်များကို အစွမ်းကုန် ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ခေတ်ပြောင်း၊ စနစ်ပြောင်းတွင် မိမိတို့လုပ်ရမည့် လုပ်ငန်းများနှင့် လုပ်သင့်သည့် လုပ်ငန်းများကို သုံးနှစ်ကျော် ကာလအတွင်း အတော်များများ လုပ်နိုင်ခဲ့ပါကြောင်း၊ မမျှော်လင့်သည့် အခက်အခဲမျိုးစုံကိုလည်း ကြုံတွေ့ခဲ့ရပါကြောင်း၊ ပြည်တွင်း ပြည်ပက ချီးမွမ်းမှုများရှိသကဲ့သို့ ပြစ်တင်မှု၊ ကဲ့ရဲ့ပြောဆိုမှုများလည်း ရှိနေသည်မှာ အမှန်ပင်ဖြစ်ပါကြောင်း။

မိမိတို့တွင် ဒီမိုကရေစီအတွေ့အကြုံနှင့်ဒီမိုကရေစီအလေ့အကျင့်များ အလွန်နည်းပါးပါကြောင်း၊ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းကို သတိထားပြီးလှမ်းနေရသည့်အတွက် တချို့လုပ်ငန်းများအနေဖြင့် နှေးလွန်းသည်၊ အတွေ့အကြုံရှိသည့် ပြည်ပနိုင်ငံအချို့က အပြောင်းအလဲများသည် မြန်လွန်းသည် စသည်ဖြင့် စိုးရိမ်မှုများရှိနေသည်ကိုလည်း မိမိတို့သိရပါကြောင်း၊ ခြေလှမ်းမှားပြီး နောက်ကြောင်းပြန်လှည့်မည်ကိုတချို့ကလည်း စိုးရိမ်နေကြပါကြောင်း။

မိမိတို့သန္နိဋ္ဌာန်ချထားသည်မှာ နောက်ကြောင်းပြန်မလှည့်ဘဲ ရှေ့သို့သာသွားမည်ဆိုသည့် Move Forward အချက်ပင် ဖြစ်ပါကြောင်း၊ နောက်ကြောင်း ပြန်မလှည့်ရအောင်လည်း ဥပဒေနှင့်အညီလုပ်သင့် လုပ်ထိုက်သည်မှန်သမျှ အကုန်လုပ်ကြရမည်ဖြစ်ပါကြောင်း၊ ယုံယုံကြည်ကြည်၊ ရဲရဲဝံ့ဝံ့လုပ်ကိုင်ကြရန် ဖြစ်ပါကြောင်း။

တိုင်းပြည် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် ကြွန်းကိုင်းမှီ ကိုင်းကျွန်းမှီဆိုသကဲ့သို့ တစ်ခုနှင့်တစ်ခု ခွဲခြား၍မရအောင် အမှီသဟဲပြုနေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းရေးအတွက် အဓိကလိုအပ်ချက်သည် တရားဥပဒေစိုးမိုးရေးနှင့် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးဖြစ်ပါကြောင်း၊ နှစ်ပေါင်း ၆၀ ကျော် ကြာညောင်းခဲ့သည့်လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးအတွက် ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် သုံးနှစ်အတွင်း တိုးတက်မှုများစွာရရှိလာခဲ့ပြီ ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲသလောက်ဖြစ်နေပြီး မကြာမီ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်တော့မည် ဖြစ်ပါကြောင်း၊ လက်မှတ်ရေးထိုးပြီးပါက နိုင်ငံရေးဆွေးနွေးပွဲ ဆက်လုပ်ရန် ရှိပါကြောင်း။

တရားဥပဒေစိုးမိုးရေးသည် စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရန် ဥပဒေအရအရေးယူရုံနှင့် မလုံလောက်ဘဲဥပဒေကို သိရှိနားလည်အောင်၊ လေးစားလိုက်နာအောင် ကျောင်းသားဘဝကပင် စာသင်ကျောင်းများ၌ အသိပညာပေးသည့် လေ့ကျင့်သင်ကြားမှုများကို အခြေခံမှစ၍ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မှုခင်းများလျော့နည်းကျဆင်းအောင် ဥပဒေအရအရေးယူရုံနှင့်မပြီးဘဲ နည်းလမ်းပေါင်းစုံဖြင့်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

မူးယစ်ဆေးဝါးအန္တရာယ်သည် မိဘပြည်သူများအတွက် စိုးရိမ်ဖွယ်ရာဖြစ်နေပါကြောင်း၊ အထူးသဖြင့် ဆေးပြားများသည် လက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင်၊ စာသင်ကျောင်းများအနီးအထိ လွယ်လွယ်ကူကူ ဝယ်ယူရရှိနေသည့်အတွက် ကျောင်းသားလူငယ်များအထိ ကူးစက်လာပြီး မိဘများအနေဖြင့် အထူးစိုးရိမ်နေပါကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကို ပြည်သူပါဝင်သည့် အဖွဲ့အစည်းများ ဖွဲ့စည်းပြီး ထိထိရောက်ရောက် ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်သည် စားဝတ်နေရေး၊ သားသမီးများ ပညာသင်ကြားနိုင်ရေးနှင့် ဆေးဝါးကုသနိုင်ရေးတို့ ဖြစ်ပါကြောင်း၊ အလုပ်အကိုင်ရရှိရေးအတွက် မြေနှင့်ရေကို အရင်းအနှီးတစ်ခုအဖြစ် စိုက်နိုင်မွေးနိုင်အောင် ဖန်တီးပေးရန်လိုအပ်ပါကြောင်း၊ လူဦးရေနှစ်စဉ်တိုးပွားနေသဖြင့် စားရေးအတွက် ဖူလုံအောင် လယ်မြေကို တခြားနည်းလမ်းဖြင့် အသုံးမပြုရန် ဥပဒေဖြင့် ထိန်းကျောင်းပေးကြရမည်ဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နိုင်ငံတော်ရှိ မြေအားလုံးကို နိုင်ငံတော်က ပိုင်ဆိုင်ပါကြောင်း၊ အဆိုပါမြေကို စီမံခန့်ခွဲရန်အတွက် နိုင်ငံတော်အစိုးရက လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းထားသည့်အဖွဲ့အစည်းများကသာ ဥပဒေနှင့်အညီ

> **“ပြည်သူများအတွက် မိမိတို့စွမ်းဆောင် ပေးနိုင်သည်များကို အစွမ်းကုန် ဆောင်ရွက်ပေးကြရမည်ဖြစ်”**

စီမံခန့်ခွဲခွင့်ရှိပါကြောင်း၊ ထို့ကြောင့် ပုဂ္ဂလိကများအနေဖြင့် ၎င်းတို့ဝယ်ယူထားသည့်မြေပေါ်တွင် ၎င်းတို့သဘောဆန္ဒအရ ဟိုတယ်၊ စက်ရုံ၊ ဓာတ်ဆီဆိုင်စသည်ဖြင့် တည်ဆောက်လိုတိုင်း တည်ဆောက်၍ မရပါကြောင်း၊ Town Plan, Village Plan နှင့်အညီ ဥပဒေအရ အပ်နှင်းထားသည့် အဖွဲ့အစည်းကသာ စီမံဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် လယ်မြေကို အခြားနည်းနှင့် အလွယ်တကူအသုံးမပြုနိုင်အောင် ဥပဒေအရ ကန့်သတ်ထားပါကြောင်း။

အစိုးရအဖွဲ့အစည်းပိုင် မြေများ လက်လွတ်ဆုံးရှုံးမှုမရှိစေရန်အတွက် စက်ရုံ၊ အလုပ်ရုံ၊ လူနေအဆောက်အအုံများ ဆောက်လုပ်ရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်အရသာ ဆောင်ရွက်ရန်ဖြစ်ပါကြောင်း။

မြို့ကြီးများ၌ လူဦးရေထူထပ်များပြားလာသည့်အတွက် လူနေအဆောက်အအုံများ ဆောက်လုပ်ရာတွင် အထပ်မြင့်အဆောက်အအုံများ၊ ဝင်ငွေနည်းသည့် အခြေခံလူတန်းစားများ နေထိုင်နိုင်မည့် တန်ဖိုးနည်း အိမ်ရာစနစ်များကို ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် အရစ်ကျနှစ်ရှည် ငွေချေစနစ်ဖြင့် ဆင်းရဲနွမ်းပါးသူများ၊ ဝန်ထမ်းများ၊ အငြိမ်းစားများ၊ စစ်မှုထမ်းဟောင်းများ၊ မသန်စွမ်းသူများ၊ ကျဆုံးစစ်သည်မိသားစုများကို ဦးစားပေးဆောင်ရွက်ပေးရန် ဖြစ်ပါကြောင်း။

အလုပ်အကိုင် အခွင့်အလမ်းများ အလွယ်တကူ ရရှိနိုင်ရန်အတွက် အထည်ချုပ်စက်ရုံများ၊ လယ်ယာကဏ္ဍကို အခြေခံသည့် Agro-base စက်မှုလုပ်ငန်းများ၊ အသေးစား၊ အလတ်စား SME စက်မှုလုပ်ငန်းများ ဦးစားပေးထူထောင်သွားရန် ဖြစ်ပါကြောင်း။

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေး၊ အရင်းအနှီး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်တို့ အဓိကလိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မိမိတို့တိုင်းပြည်နှင့် တိုင်းရင်းသားများအကျိုးကို မထိခိုက်နိုင်သည့် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ရှာဖွေဖိတ်ခေါ်ရန် လိုအပ်ပါကြောင်း၊ ပြည်ပနှင့်ဖက်စပ်အကျိုးတူလုပ်ငန်းများ၊ အများပိုင် (PPP) လုပ်ငန်းများကို အားပေးဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့တို့၏ ပိုင်ဆိုင်မှုကို ဖက်စပ်လုပ်ငန်းများတွင် ရှယ်ယာထည့်ဝင်သည့် လုပ်ငန်းများအတွက် စဉ်းစားသွားသင့်ပါကြောင်း။

ကျန်းမာသန်စွမ်းပြီး ပညာရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များရရှိရေးအတွက် ကျန်းမာရေးကဏ္ဍနှင့် ပညာရေးကဏ္ဍတို့ကို ခေတ်နှင့်အညီ မြှင့်တင်ရမည်ဖြစ်ပါကြောင်း။

အဆင့်ဆင့်သော မိမိတို့အစိုးရ အဖွဲ့၏ လုပ်ဆောင်နေမှုများကို ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင်သတင်းဖြန့်ချိရေးလုပ်ငန်းများ၊ ပြည်သူလူထုနှင့် တွေ့ဆုံပွဲများ၊ သတင်းစာ၊ ရေဒီယို၊ တီဗွီစသည့် မီဒီယာလုပ်ငန်းများကို တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် မိမိတို့လုပ်နိုင်သည်များကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကြရန် ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မိမိတို့တွင် တစ်နှစ်ခွဲခန့်ဆိုသည့် အချိန်ကန့်သတ်ချက်ရှိပါကြောင်း၊ လုပ်စရာလုပ်ငန်းများ များစွာရှိနေသော်လည်း အဆိုပါလုပ်ငန်းများထဲတွင် ပြည်သူများအား အမြန်ဆုံးအကျိုးပြုနိုင်မည့် (Quick Win) ရရှိနိုင်သည့် လုပ်ငန်းများကို ရွေးချယ်ပြီး Third Wave တွင် အရှိန်မြှင့်တင်ပြီး အောင်မြင်အောင် ဆောင်ရွက်ကြရန်တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့သည်။ **(သတင်းစဉ်)**



**ပြည် ထောင်စု အစိုးရအဖွဲ့၏ ၂၀၁၄- ၂၀၁၅ ဘဏ္ဍာ နှစ် ပထမ လေးလပတ် အစည်းအဝေး တတိယနေ့ ကျင်းပရာ တက် ရောက်ကြသူများအား တွေ့ရစဉ်။** (သတင်းစဉ်)

ပြည်တွင်းသတင်း

# လက်ပံတောင်းတောင်ကြီးစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင် ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၂၂**

လက်ပံတောင်း တောင်ကြီးစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ကျော်ရွာအနီး၌ ယနေ့နံနက် ၈ နာရီတွင် ကျင်းပရာ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်ကြည်ညိုသည်။

အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သာနနာ့ဗိမာန်တော်၌ နိုင်ငံတော်ဩဝါဒါစရိယ မုံရွာမြို့ မဟာဇောတိကာရာမ ကျောင်းတိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂါရဝထံမှ လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌ အမှူးပြုသည့် ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် သမန္တာ အစချီ မေတ္တသုတ်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ် ပရိတ်တော်များကို နာယူကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဌာပနာတော်၊ ရွှေထီးတော်ဘုံဆင့်များ၊ စေတိယ၊ စေတိယသမ္ဘာရ၊ စေတိယပရိဝါရ၊ စေတိယင်္ဂဏ၊ စေတိယပါကာရ၊ စေတိယသမ္ဗဒ္ဓ၊ စေတိယဝတ္ထုကံမြေများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းပြီး တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင်၊ မုံရွာမြို့ ဥက္ကံတောရစာသင်တိုက် တိုက်အုပ်ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တမာနိတထံမှ အနုမောဒနာတရား နာကြားပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဗိသုကာပညာရှင်များကို လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကြပြီး ခရိုင်အင်ဂျင်နီယာမှူး ဦးကျော်လင်းက လက်ပံတောင်းတောင်ကြီး စေတီတော်မြတ်ကို မူလအရင်းအမြစ်ဖြစ်သည့် ဘုရားဒါယကာ ဒါယိကာမများထံ ပြန်လည်အပ်နှံသည်။

ယင်းနောက် လက်ပံတောင်းတောင်ကြီးစေတီတော် ပြောင်းရွှေ့တည်ဆောက်ပူဇော်ရာတွင် မပြည့်စုံမှု မှားယွင်းမှုများရှိပါက ခွင့်လွှတ်ပါမည့်အကြောင်း၊ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များထံ တောင်းပန်လွှာစာတမ်းကို ဖတ်ကြားသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် တာဝန်ရှိသူများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဌာပနာတော်၊ ရွှေထီးတော် ဘုံဆင့်များကို ပင့်ဆောင်၍ စေတီတော်မြတ်အား လက်ယာရစ် လှည့်လည်ပူဇော်ပြီး အထက်ဌာပနာတော် သွင်းလှူပူဇော်ကြသည်။

ယင်းနောက် ရွှေထီးတော်ဘုံအဆင့်များ၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်များကို မင်္ဂလာရထားပျံဖြင့် စေတီအထွတ်သို့ ပင့်ဆောင်ပူဇော်တင်လှူကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် သာသနာ့ အောင်လံတော်ကို လွှင့်ထူပူဇော်ကာ ရတနာရွှေမိုးငွေမိုး ရွာသွန်းဖြိုးသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရွှေကြာသင်္ကန်းတော်၊ မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်နှင့်သောက်တော်ရေချမ်းများ ကပ်လှူပူဇော်ကြပြီးဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် တာဝန်ရှိသူများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဌာပနာတော်၊ ရွှေထီးတော် ဘုံဆင့်များကို ပင့်ဆောင်၍ လက်ပံတောင်းတောင်ကြီးစေတီတော်မြတ်အား လက်ယာရစ် လှည့်လည်ပူဇော်စဉ်။ (သတင်းစဉ်)

ယင်းနောက် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘုရားဒါယကာ ဒါယိကာမများက ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ဩဂုတ် ၈ ရက်ကလည်း သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဘုရားဒါယကာ ဒါယိကာမများက လက်ပံတောင်းတောင်ကြီး စေတီသတ္တဌာန မူလဌာပနာတော်သွင်း၊ အလယ်ဌာပနာတော် သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာနှင့် စေတီတော်အရှေ့တောင်ဘက်အရပ် မဟာဗောဓိပင် စိုက်ပျိုးပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို သာသနာတော် ထုံးတမ်းအစဉ်အလာများနှင့်အညီ ကျင်းပခဲ့သည်။

ဩဂုတ် ၂၂ ရက် ညပိုင်းတွင် လက်ပံတောင်းတောင်ကြီး စေတီတော်အထက် ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်း အထိမ်းအမှတ်အဖြစ် သာသနာ့ဗိမာန်တော်၌ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး)မှ ဌာနမှူး ဆရာတော် ပါမောက္ခဒေါက်တာ အရှင်စန္ဒာဝရက နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ပြီး ဩဂုတ် ၂၃ နှင့် ၂၄ ရက် များတွင် မုံရွာမြို့ သဒ္ဓမ္မဇောတိက သုဗောဓာရုံကျောင်းတိုက် နာယကဆရာတော် ဒွိဒသမတိပိဋကဓရ၊ တိပိဋကကောဝိဒ အရှင် အဘိဇာတာဘိဝံသနှင့် ရွှေရတုတိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိကမြင်းမူဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဆက်လက်ဟောကြား ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီအစည်းအဝေးဖိတ်ကြား

**နေပြည်တော် ဩဂုတ် ၂၂**

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီအစည်းအဝေး (၃၆/၂၀၁၄) ကို စက်တင်ဘာ ၄ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေး ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေးအကောင်အထည်ဖော်မှုကော်မတီဝင်များနှင့် အကြံပြုဆွေးနွေးရန် သတ်မှတ်ခွင့်ပြုထားသော လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များအား အစည်းအဝေး တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှု ကော်မတီရုံးခန်းသို့ စက်တင်ဘာ ၃ ရက် (ဗုဒ္ဓဟူးနေ့) ရုံးချိန်အတွင်း သတင်းပေးပို့ရမည်ဖြစ်ပါကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

***✻ ကျောဖုံးမှ***

ရဲတပ်ဖွဲ့မှ ဌာနမှူး (အုပ်ချုပ်မှုဌာန) ယာယီရဲမှူးကြီး တင်အောင်၊ UNODC မှ Mr.Jochen Wiese (Chief Technical Advisor) တို့နှင့်အတူ စီမံကိန်းဒေသများသို့ သွားရောက်ခဲ့သည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ရှမ်းပြည်နယ် ဟိုပုံးမြို့နယ် ဟိုပေွရွာ ဘုရားကုန်းသို့ရောက်ရှိပြီး ဟိုပေွရွာနှင့်အနီးတစ်ဝိုက် စိုက်ပျိုးရေးဖြစ်ထွန်းမှုများကို လေ့လာကာ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ သိရှိလိုသည့်အချက်များအား မေးမြန်းခြင်းနှင့် ဟိုပေွရွာတွင်စိုက်ပျိုးထားသော ဘိန်းအစားထိုး ကော်ဖီပျိုးခြံစိုက်ပျိုးမှုနှင့် ရော်ဘာစိုက်ခင်းအား ကြည့်ရှုလေ့လာပြီး ဟိုပုံးမြို့နယ် ဟိုပေွကျေးရွာရှိ ဒေသခံ ၁၀ ဦးကို ထိုင်းနိုင်ငံ ထိုင်းဘုရင့်တော်ဝင်စီမံကိန်း အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများအား သွားရောက်လေ့လာရန် UNODC နှင့် လေ့လာရေးခရီးစဉ်အတွက် ပူးပေါင်းစီစဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကရင်ပြည်နယ်တရားလွှတ်တော်က အောက်ဖော်ပြပါပစ္စည်းများဝယ်ယူရန်အတွက် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(၁) Copy Canon-A3 IR 2520 အမျိုးအစား(၃)လုံး

(၂) (က) Projector Optima EW 5362800 Lumens SVGA 1280×80

(ခ) Tripod 6 ft Screen(MEKI)6 ft

၂။ အသေးစိတ်သိရှိလိုပါက ကရင်ပြည်နယ်တရားရေးဦးစီးမှူးရုံး၊ ဖုန်း-၀၅၈-၂၁၀၀၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလျှောက်လွှာယူရမည့်ရက်** - ၂၈-၈-၂၀၁၄ ရက်

**တင်ဒါတင်သွင်းရမည့်နေရာ** - ကရင်ပြည်နယ်တရားရေးဦးစီးမှူးရုံး၊ ဘားအံမြို့

**တင်ဒါဖွင့်ရက်** - ၂၉-၉-၂၀၁၄ ရက်

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

# ပင်စင်စားများအဆင်ပြေစေရန် မြန်မာ့စီးပွားရေးဘဏ်မှ တိုးချဲ့ဆောင်သစ်ဖွင့်၍ ဝန်ဆောင်မှုအသစ်ဖြင့် စတင်ဆောင်ရွက်ပေးပြီ

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ-မင်းထက်**

**ရန်ကုန် ဩဂုတ် ၂၂**

နိုင်ငံ့တာဝန် ထမ်းဆောင်ခဲ့ကြသော ပင်စင်စားများ ခေတ်နှင့်အညီ အဆင်ပြေပြေဖြင့် ပင်စင်ထုတ်ယူနိုင်စေရန် မြန်မာ့စီးပွားရေးဘဏ်မှ တိုးချဲ့ဆောင်သစ် စတင်ဖွင့်လှစ်ပြီး ယခင်လိုတန်းစီစရာမလိုဘဲ တိုကင်ပြားများဖြင့် ကောင်တာများဖွင့်၍ အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာ ရရှိစေရေး ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ၃၂ လမ်း (အောက်ဘလောက်) အမှတ် (၂) မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၄)၌ ဩဂုတ် ၂၁ ရက် နံနက် ၈ နာရီတွင် စတင်ဖွင့်လှစ် ဝန်ဆောင်မှုပေးနေပြီဖြစ်ကြောင်း သိရသည်။



**ရန်ကုန်မြို့ ဘဏ်ခွဲ(၄)၏ တိုးချဲ့ဆောင်သစ်၌ ပင်စင်စားများကို ဝန်ဆောင်မှုပေးနေစဉ်။**

မြန်မာ့စီးပွားရေး ဘဏ်သည် ယခင်က ပင်စင်စားများကို လူအားဖြင့် ပင်စင်လစာ ထုတ်ပေးဆောင်ရွက်ခဲ့သော်လည်း ၂၀၁၂ ခုနှစ်မှ စတင်ကာ နိုင်ငံတကာကဲ့သို့ ကွန်ပျူတာများအသုံးပြု၍ အီးပင်စင်စနစ်ဖြင့် လျင်မြန်စွာ ပြောင်းလဲထုတ်ပေးလျက်ရှိသည်။ သို့ရာတွင် နှစ်စဉ်ပင်စင်စားဦးရေ တိုးတက်များပြားလာမှုကြောင့် နေရာထိုင်ခင်း အခက်အခဲကြုံတွေ့ရမှုနှင့်အတူ တန်းစီရခြင်းတို့ကြောင့် အချိန်ပေးရခြင်း၊ ရာသီဥတုဒဏ်အမျိုးမျိုးတို့ကို ခံစားရခြင်းတို့ကြောင့် သက်ကြီးရွယ်အို ပင်စင်စားများမှာ အခက်အခဲအမျိုးမျိုးဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ ယခုအခါ ထိုအခက်အခဲအမျိုးမျိုးကို ကျော်လွှားနိုင်စေရန် မြန်မာ့စီးပွားရေးဘဏ်က ဝန်ဆောင်မှုသစ် တစ်ရပ်အနေဖြင့် ပင်စင်စားများ အဆင်ပြေစေရန် တိုးချဲ့ဆောင်သစ်ကို ဖွင့်လှစ်ပေး၍ ယခင်လိုတန်းစီစရာမလိုဘဲ ရောက်သည်နှင့် တိုကင်ပြားများ ဝေငှပြီး ကောင်တာများဖွင့်ကာ ဝန်ဆောင်မှုအသစ်ကို စတင်လုပ်ဆောင်ပေးနေကြောင်း သိရသည်။

“မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ ပင်စင်စားတွေကို အခုလို တိုးချဲ့ဆောင်သစ် ဖွင့်လှစ်ပေးတာဟာ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်တဲ့ အကြီးအကဲတွေ ကွင်းဆင်းစစ်ဆေးတဲ့အခါမှာ ဝန်ဆောင်မှုသစ်တစ်ရပ်အနေနဲ့ နည်းလမ်းရှာပြီး အခုလို လုပ်ဆောင်ဖြစ်ခဲ့တာပါ။ ပင်စင်စားကြီးတွေလည်း အရင်ကလို ဘဏ်အပြင်ဘက် နေပူမိုးရွာထဲမှာ နေစရာမလို၊ စောင့်ဆိုင်းစရာမလိုဘဲ အလျင်အမြန် ရရှိနိုင်အောင် ရည်ရွယ်လုပ်ဆောင်ပေးခြင်းဖြစ်ပါတယ်။ သူတို့တွေလည်း ပိုမိုအဆင်ပြေပြီး ဝမ်းသာကြမယ်လို့ မျှော်လင့်ပါတယ်” ဟု မြန်မာ့စီးပွားရေးဘဏ်မှ အထွေထွေမန်နေဂျာ ဦးသန်းလွင်ဦးက ပင်စင်စားများအတွက် တိုးချဲ့ဆောင်ဖွင့်လှစ်ပေးရခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။

ယခုလို ဝန်ဆောင်မှုအသစ်ဖြင့် စတင်ဆောင်ရွက်ပေးမည့် ဘဏ်ခွဲ(၄) ပင်စင်စားများ၏ တိုးချဲ့ဆောင်သစ်မှာ အလျား ၁၇၁ ပေ၊ အနံ ၄၁ ပေရှိပြီး အမှန်တကယ် အသုံးပြုနိုင်သည့် အကျယ်အဝန်းမှာ အလျားပေ ၁၅၀၊ အနံ ၄၁ ပေရှိ၍ ပင်စင်စားများ အနေဖြင့် သက်သောင့်သက်သာဖြင့် ထုတ်ယူနိုင်သည့်အပြင် အချိန်ကြာမြင့်မှုလည်း အလွန်သက်သာသွားမည်ဖြစ်သည်။ လက်ရှိဘဏ်ခွဲ(၄)၏ လစဉ်ပင်စင်စား ထုတ်ပေးမှုမှာ စုစုပေါင်း ၉၇၅၇ ဦးရှိကြောင်း သိရသည်။

**လစဉ်ထုတ်ပေး**

ယခုအခါ နိုင်ငံတစ်ဝန်း ပင်စင်စားဦးရေ ၆၁၀၅၂၂ ဦးကို မြန်မာ့စီးပွားရေးဘဏ် အနေဖြင့် ပင်စင်လစာ လစဉ်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# အုတ်တွင်းမြို့နယ်တွင် မိုးစပါးစိုက်ပျိုးအောင်မြင်

**အုတ်တွင်း ဩဂုတ် ၂၂**

ယခုနှစ် မိုးရာသီကာလတွင် မြန်မာနိုင်ငံ နေရာအနှံ့အပြားနှင့် မြစ်ဝကျွန်းပေါ်ဒေသအချို့တွင် ရေကြီးမှုဒဏ်ခံစားရသော်လည်း ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်တွင် ယခုနှစ် စစ်တောင်းမြစ် ရေကြီးရေလျှံမှု ဖြစ်ပေါ်ခြင်းမရှိဘဲ တောင်ကျရေ/တောရေတို့ကြောင့် အချို့လယ်ယာမြေများနှစ်ရက်ခန့်သာ ရေနစ်ခဲ့ရာ ဆုံးရှုံးမှုနည်းပါးသည်။

အုတ်တွင်းမြို့နယ်အနေဖြင့် မိုးစပါး ၉၃၄၂၉ ဧက လျာထားခဲ့ရာ ယခုအချိန်အထိ ၈၁၂၁၆ ဧက စိုက်ပျိုးပြီးစီး အောင်မြင် ဖြစ်ထွန်းလျက်ရှိပြီး ရေကြီးနစ်မြုပ်ပျက်စီးဆုံးရှုံးသည့် လယ်ယာမြေမရှိကြောင်း သိရသည်။

**သိန်းဝင်း**



**မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ မိုးမှာ လေ့ကျင့်၊ ဆောင်းမှာ စစ်ဆေး၊ နွေမှာသတိပေးဆောင်ပုဒ်နှင့်အညီ မန္တလေးမြို့ မီးဘေးလုံခြုံရေးအတွက် မီးငြိမ်းသတ် သရုပ်ပြလေ့ကျင့်ဆောင်ရွက်ခြင်းကို ဩဂုတ် ၂၁ ရက် မွန်းလွဲ ၁ နာရီက ၇၃ လမ်းပေါ်ရှိ မင်္ဂလာမန္တလေးစင်တာ တောင်ဘက်ကွင်းပြင်၌ ကျင်းပရာ မန္တလေးမြို့ရှိ သန္ဓေ မီးသတ်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ်ခြင်းကို အမှတ်(၁) တိုင်းဒေသကြီးနှင့် ပြည်နယ်မီးသတ်ဦးစီးဌာန ကွပ်ကဲမှုဌာနခွဲ ညွှန်ကြားရေးမှူး ဦးကြည်ဝင်းနှင့် ဦးစီးအရာရှိများက ကြီးကြပ်ကွပ်ကဲစဉ်။**

တင်မောင်(မန္တလေး)



ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# စိုက်ပျိုးရေးနည်းပညာဆိုင်ရာနှင့် စီးပွားရေးအချက်အလက်ဆိုင်ရာ မြန်မာ-ဂျပန် စာတမ်းဖတ်ပွဲ ပုသိမ်တက္ကသိုလ်၌ ကျင်းပ

**ပုသိမ် ဩဂုတ် ၂၂**

မြန်မာ-ဂျပန်စိုက်ပျိုးရေးနည်းပညာဆိုင်ရာနှင့် စီးပွားရေးအချက်အလက်ဆိုင်ရာ စာတမ်းဖတ်ပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီက ပုသိမ်တက္ကသိုလ် ကန်သာယာခန်းမဆောင်၌ ကျင်းပသည်။ ရှေးဦးစွာ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာညွန့်ဖေက "ယခုကျင်းပသည့်စာတမ်းဖတ်ပွဲဟာ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၃၀ ရက်မှာ ကျင်းပမည့် ပထမအကြိမ် မြန်မာ-ဂျပန် စာတမ်းဖတ်ပွဲအကြိုဖြစ်ပါတယ်။ Ryukoku University နှင့် ပုသိမ်တက္ကသိုလ်တို့ MoU/MoA လက်မှတ်ရေးထိုးရန်အတွက် ပထမဦးဆုံးခြေလှမ်းလည်းဖြစ်ပါတယ်။ ဒါကြောင့် ယခုစာတမ်းဖတ်ပွဲဟာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် လွန်စွာဗဟုသုတများစွာရရှိစေမှာဖြစ်ပါတယ်"ဟု အမှာစကားပြောကြားသည်။ ထို့နောက် ဂျပန်နိုင်ငံတက္ကသိုလ်များမှ ပညာရှင်များဖြစ်သော Kyoto Ryukoku University Faculty of Economic မှ Prof. Dr . Yoshiak Nishikawa နှင့် Tokyo University of Agriculture ပညာရှင် Dr. Nagashima Asami တို့သည် (Farmer's Rights in the Plant Gene Present Convention for the Agriculture Food) ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားဆွေးနွေးပွဲကျင်းပသည်။

ယင်းနောက် ပုသိမ်တက္ကသိုလ်မှ ရုက္ခဗေဒဌာန ပါမောက္ခ ဌာနမှူး ဒေါက်တာ ကေသီမြနှင့် ဓာတုဗေဒဌာန ကထိက ဒေါက်တာ ရီရီမြင့်တို့၏ သိရှိလိုသော အချက်အလက်များကို မေးမြန်းခြင်းအပေါ် စာတမ်းရှင်ဖြစ်သော ဂျပန်နိုင်ငံ Kyoto Ryukoku University Faculty of Economic မှ Prof.Dr Yoshiaki Nishikawa က ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာညွန့်ဖေ၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာ သန်းစိုး၊ ပါမောက္ခ၊ ဌာနမှူးများနှင့် ဓာတုဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ အဏ္ဏဝါသိပ္ပံ၊ ပထဝီဝင်ဌာနများမှဂုဏ်ထူးတန်းသင်တန်း၊ မဟာဝိဇ္ဇာ/သိပ္ပံပထမနှစ်သင်တန်း၊ မဟာဝိဇ္ဇာ/သိပ္ပံ ဒုတိယနှစ်သင်တန်း၊ မဟာသုတေသနတွဲ့သင်တန်း၊ ပါရဂူတန်းကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၊ အခြားဘာသာရပ်ဌာနများမှ စိတ်ပါဝင်စားသူ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၄၀၀ ခန့် တက်ရောက်ခဲ့ကြောင်းသိရသည်။ **ပုသိမ်လှကြည်**

# မိုးစပါး သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် စုပေါင်းစိုက်ပျိုးပွဲကျင်းပ

**ဒီးမော့ဆို ဩဂုတ် ၂၂**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် မြို့မအုပ်စု တောင်သူပညာပေးဧက ၅၀ စံပြစိုက်ခင်းအတွင်းရှိ တောင်သူဦးအောင်လင်း၏ လယ်မြေတွင် မိုးစပါးသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် ပုလဲသွယ်စပ်မျိုးစပါး စုပေါင်းစိုက်ပျိုးပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၈ နာရီက ကျင်းပရာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးပိုးရယ်ရန်အောင်၊ ဒီးမော့ဆိုမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘိုးရယ်နှင့် ဒေါ်မေရီယန်၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းထွန်းနှင့် ပြည်နယ်စိုက်ပျိုးရေးညှိနှိုင်းရေးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူလယ်သမားများနှင့် ကောက်စိုက်သမများ တက်ရောက်ကြသည်။ ရှေးဦးစွာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးပိုးရယ်ရန်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဌေးဌေးစိန်က သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် ၁၄ ချက်ကို ရှင်းလင်းပြောကြားသည်။ ပြည်နယ် သီးနှံကာကွယ်ရေးတာဝန်ခံ ဦးစောဂျော်နီက ပေါင်းသတ်ဆေးသုံးစွဲခြင်းနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော တောင်သူလယ်သမားများက သိရှိလိုသည်များကို မေးမြန်းကြပြီး တာဝန်ရှိသူများက မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်လာသူများက ပုလဲသွယ်စပ်မျိုးစပါးပေါင်ပျိုးဖြင့် စနစ်တကျပျိုးထောင်ထားရှိမှု၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် ချက်ချင်းနုတ် ချက်ချင်းစိုက်ပျိုးနေမှု၊ မြေခံမြေဩဇာအသုံးပြုမှု၊ တစ်ဧက ကောက်ကွက်ဝင်ဆံ့မှု၊ တိုင်းတာပြသမှုနှင့် ပေါင်းသတ်ဆေးစနစ်တကျ ကိုင်တွယ်အသုံးပြုမှုတို့ကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၂-၈-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၃၀၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၁၀၀၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၂၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၄၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၃၈၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၇၂၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၅၅၀၀-၈၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၂၇၀၀၀ |
| ၇။ | ငါးသားလောက် | တစ်ပိဿာ | ၇၀၀၀-၁၅၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၇၀-၉၇၉ |
| ဥရောပ | တစ်ယူရို | ၁၃၃၀-၁၃၄၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၂ |
| ထိုင်း | တစ်ဘတ် | ၃၀.၂-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၃၂ |
| တရုတ် | တစ်ယွမ် | ၁၆၀-၁၆၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅-၃၁၂ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| မိုးဆန်(ဧည့်သည်အသစ်) | တစ်အိတ် | ၁၇၅၀၀-၁၇၈၀၀ |
| ပေါ်ကျွဲ (အသစ်) | တစ်အိတ် | ၂၂၅၀၀-၂၃၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၇၀၀၀-၃၀၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၃၆၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၄၇၀ |
| ဆိပ်ဖြူကြက်သွန်ဖြူ | တစ်ပိဿာ | ၂၇၀-၅၇၅ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၃၅၀-၁၇၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၅၀၀-၁၅၂၅ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၃၀၀-၆၇၀ |
| ငရုတ်ရှည် (ညောင်ရမ်း) | တစ်ပိဿာ | ၂၄၀၀-၂၄၅၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၃၈၀၀-၄၄၀၀ |
| သကြား | တစ်ပိဿာ | ၉၁၀-၉၄၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-ဓာတ်ပုံ|စေ့ငုတင်ပြသည်။



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

**ကြေညာချက်**

United Nations Educational Scientific and Cultural Organization (UNESCO) နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့ ပူးပေါင်းပြီး အောက်ပါသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ သင်တန်းအမည် - Certificate in Business Skills for Youth
၂။ သင်တန်းဝင်ခွင့်အရည်အချင်း - တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။ အသက် ၁၇ နှစ်နှင့် ၃၅ နှစ်ကြားဖြစ်ရမည်။ အခြေခံအင်္ဂလိပ် ဘာသာစကားကျွမ်းကျင်သူဖြစ်ရမည်။
၃။ သင်တန်းကာလ - ၁၀ ပတ်
၄။ သင်တန်းချိန် - အပတ်စဉ်(တနင်္လာ) မှ (သောကြာ)၊ နံနက် ၇ နာရီမှ ၁၀ နာရီအထိ (နံနက်အတန်း) (သို့မဟုတ်) မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ၊(နေ့လယ်အတန်း)
၅။ လျှောက်လွှာစတင်လက်ခံမည့်ရက် - ၁၆-၈-၂၀၁၄ ရက်မှ၂၈-၈-၂၀၁၄ရက်အထိ
၆။ သင်တန်းဝင်ခွင့်လူတွေ့စစ်ဆေးမည့် စာရင်းကြေညာမည့်ရက် - ၂၈-၈-၂၀၁၄ ရက်
၇။ သင်တန်းစတင်ဖွင့်လှစ်မည့်ရက် - ၁-၉-၂၀၁၄ ရက်

လျှောက်လွှာများရယူခြင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက Center of Excellence ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ လှိုင်နယ်မြေနှင့် ကျောင်းသားရေးရာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ကမာရွတ် ဖုန်း-၀၉-၄၃၁၄၀၉၀၅သို့ နံနက် ၉ နာရီမှ ညနေ ၃ နာရီအတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြေကွက်အမှတ် ၃၀၆၊ ၃၀၇၊ မြေတိုင်းရပ်ကွက်အမှတ် ၉၀၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့၊ မြေကွက်(၂)ကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း**

**အများသိစေရန်ကြေညာချက်**

အထက်၌ အပြည့်အစုံဖော်ပြထားသော တစ်ကွက်လျှင် အလျားပေ ၄၀×အနံပေ ၆၀စီ အကျယ်ရှိ နှစ် ၆၀ ဂရန်မြေအမျိုးအစား မြေကွက်နှစ်ကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဦးမျိုးအောင် ၉/မနတ(နိုင်)၀၉၈၁၉၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ) စဉ်-၆၀၇၂**
**အမှတ် ၅၆၁၊ (M.A.C Tower)၊ အခန်း ၃၀၂၊**
**ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**




**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**လှိုင်မြို့နယ်တရားရုံးတော်၌**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-(၇)**

ဒေါ်ခင်စန်းဝေ နှင့် ၁။ ဒေါ်ခင်မော်မော်
၂။ ဦးအေးကြူ
၃။ ဦးသိန်းမောင်

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊(၁၀)ရပ်ကွက်၊ ကန်လမ်း၊ အမှတ်(၁၇၁၈)တွင် နေထိုင်ခဲ့သူဖြစ်သော ဦးအေးကြူ၊ ဦးသိန်းမောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဩဂုတ် ၂၉ ရက် (၁၃၇၆ ခုနှစ် တော်သလင်းလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းနှင့် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။

၂၀၁၄ခုနှစ် ဩဂုတ် ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**မှုမှူးအေး**
**တွဲဖက်မြို့နယ်တရားသူကြီး**
**လှိုင်မြို့နယ်တရားရုံး**

**အမည်ပြောင်း**

ဦးကျော်လှိုင်ထွန်း၏သားများဖြစ်ကြသော ရန်ကုန်မြို့ I.L.B.C(S3F) မှ မောင်ဟန်မင်းစိုး ၁၂/မဂတ(နိုင်)၁၀၇၇၈၇ အား ဘုန်းမြတ်ထွန်းဟုလည်းကောင်း (S1E)မှ ကျော်သူရ ၁၂/မဂတ(နိုင်)၁၀၇၇၈၆ အား ဇာနည်ထွန်းဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8I/7026 (၈ဈ/၇၀၂၆) ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဇ/၉၈၆၈ Kaung Myat Kyair Sein M/B(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်ကျော် ၁၂/ဥကတ(နိုင်)၀၀၇၁၂၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ ပရိမ္မစံပြကျေးရွာ၊ အထက တက္ကသိုလ်ဝင်တန်း(A)တွင် ပညာသင်ကြားနေသော မကေခိုင်မြင့်၏ ဖခင်အမည်မှန်မှာ ဦးညွန့် ၅/မမန(နိုင်)၀၆၃၃၇၉ ဖြစ်ပါသည်။ **ဦးညွန့်**

**ပျောက်ဆုံးကြောင်း**

ကျွန်မမငြိမ်း ၁၂/ဥကမ(နိုင်)၁၅၉၃၄၃ ၏ ပတ်စ်ပို့နံပါတ် 816516သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၂၀၇၂၉၉၂**

**ကန့်ကွက်ရန်ကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ် ၁၅၄၊ ကွင်းအမှတ် ၁၁၁၅၊ ဦးပိုင်အမှတ် ၂၈/၁ ပိုင်ဆိုင်သူ ဦးဌေးအောင်မှ ပိုင်ဆိုင်သောဧကထဲမှ (၂)ဧကအား ဦးသန်းဇော်ထိုက်နှင့် ဦးကျော်မိုးထက်တို့အား ရောင်းချရာ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ကန့်ကွက်လိုပါက စာရွက်စာတမ်း (မူရင်း)နှင့်တကွ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာရက် ခုနစ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဦးသန်းဇော်ထိုက် ၁၂/မရက(နိုင်)၁၃၇၆၄၃**
**ဦးကျော်မိုးထက် ၁၂/မရက(နိုင်)၁၂၃၆၉၇**
**ဖုန်း-၀၉-၇၃၁၃၇၄၈၃၊ ၀၉-၄၅၀၀၀၉၆၉၀၊**
**၀၉-၂၅၄၄၁၃၆၃၁**

ကြော်ငြာ


# ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

လျှပ်စစ်စွမ်းအား

M.O.E.P

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ရန်ကုန်မြို့တော်လျှပ်စစ်ဓါတ်အားပေးရေးအဖွဲ့

အွန်လိုင်းစနစ်သုံး လျှပ်စစ်မီတာခ ပေးချေခြင်းဝန်ဆောင်မှု ကို

ရတနာပုံတယ်လီပို့ အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏

ဝန်ဆောင်မှုဖြင့်စတင် အသုံးပြုခြင်းအတွက်

ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ရတနာပုံတယ်လီပို့ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် က

ပါဝင်ဆောင်ရွက်မှုအတွက် ကျေးဇူးတင်ရှိပါကြောင်း

Yatanarpon Teleport
Public Company Limited

Ypay AGD KBZ BANK STRENGTH OF MYANMAR

M.C.B AYEYARWADY BANK your trusted partner CB BANK MYANMA ECONOMIC BANK

ဥပဒေကြမ်း

# မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကြမ်း

**မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကြမ်း**

**(၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ။)**

**၁၃၇၆ ခုနှစ်၊ လ ရက်**

**(၂၀၁၄ ခုနှစ်၊ လ ရက်)**

**နိဒါန်း**

ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်နှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းခဲ့သည့် ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေပါ ပြည်တွင်းရေကြောင်းတွင် သယ်ယူပို့ဆောင်သည့်ရေယာဉ်များကို သော်လည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းတွင်သယ်ယူပို့ဆောင်သည့် ရေယာဉ်များကိုသော်လည်းကောင်း ပို့ဆောင်ရေးဝန်ကြီးဌာနက စည်းကမ်းချက်များသတ်မှတ်၍ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုပြီး စီမံခန့်ခွဲနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်-

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေ**ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကိုဆိုသည်။

(ခ) **မြန်မာ့ကမ်းရိုးတန်း**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ရေပြင်နယ်နိမိတ်အတွင်းရှိ ကမ်းရိုးတန်းကိုဆိုသည်။

(ဂ) **ပြည်တွင်းရေကြောင်း**ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ရေယာဉ်များ ခုတ်မောင်းသွားလာနိုင်သော မြစ်၊ ချောင်း၊ ကန်၊ တူးမြောင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သော အခြားရေလမ်းတစ်ခုခုကို ဆိုသည်။

(ဃ) **ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း** ဆိုသည်မှာ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ ငှားရမ်းခ သို့မဟုတ် အကျိုးခံစားခွင့်တစ်ခုခုအတွက် သော်လည်းကောင်း၊ ကုန်သွယ်မှု သို့မဟုတ် စီးပွားရေးကိစ္စတစ်ခုခုအတွက်သော်လည်းကောင်း ရေကြောင်းဖြင့် ဆိပ်ကမ်းတစ်ခုမှတစ်ခုသို့ဖြစ်စေ၊ နေရာတစ်ခုမှတစ်ခုသို့ဖြစ်စေ ရေယာဉ်ကိုအသုံးပြု၍ သယ်ယူပို့ဆောင်ရေးဆောင်ရွက်သော လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် မြန်မာ့ကမ်းရိုးတန်း၌ ဖြစ်စေ၊ ပြည်တွင်းရေကြောင်း၌ဖြစ်စေ စီးပွားရေးအလို့ငှာ ရေယာဉ်ဖြင့် လုပ်ကိုင်သော လုပ်ငန်းတစ်ခုခုလည်း ပါဝင်သည်။

(င) **ရေယာဉ်**ဆိုသည်မှာ စီးပွားရေးလုပ်ငန်းအလို့ငှာ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ ရေကြောင်း၌ သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုသော စက်ရှိရေယာဉ် သို့မဟုတ် စက်မဲ့ရေယာဉ် တစ်မျိုးမျိုးကို ဆိုသည်။

(စ) **ကြီးကြပ်ရေးဗဟိုအဖွဲ့** ဆိုသည်မှာ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးဗဟိုအဖွဲ့ကို ဆိုသည်။

(ဆ) **ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့**ဆိုသည်မှာ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးဗဟိုအဖွဲ့က လွှဲအပ်သည့် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်ရန်နှင့် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ကြီးကြပ်နိုင်ရန် ဤဥပဒေအရလိုအပ်သော တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များတွင် ဖွဲ့စည်းပေးသော ဒေသဆိုင်ရာအဖွဲ့များကို ဆိုသည်။

(ဇ) **လုပ်ငန်းလိုင်စင်**ဆိုသည်မှာ မြန်မာ့ကမ်းရိုးတန်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် သော်လည်းကောင်း၊ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် သော်လည်းကောင်း၊မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း နှစ်မျိုးလုံးအတွက်သော်လည်းကောင်း လုပ်ကိုင်သည့် ရေယာဉ်အသင်းအဖွဲ့ သို့မဟုတ် ရေယာဉ်အတွက် ကြီးကြပ်ရေးဗဟိုအဖွဲ့ သို့မဟုတ် ကြီးကြပ်ရေးဗဟိုအဖွဲ့က လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်အပ်နှင်းထားသည့်အဖွဲ့အစည်းက ထုတ်ပေးသည့်ခွင့်ပြုချက်ကို ဆိုသည်။

(ဈ) **ပို့ဆောင်ရေးဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ည) **ဦးစီးဌာန** ဆိုသည်မှာ ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

**အခန်း(၂)**

**ကြီးကြပ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း**

၃။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ကြီးကြပ်ရန်နှင့် ဤဥပဒေအရ အပ်နှင်းသည့်တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းမှ သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးဗဟိုအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းရမည်။

၄။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၃ အရ ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို တစ်ပါတည်း သတ်မှတ်ပေးရမည်။ လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကိုလည်း သတ်မှတ်ပေးနိုင်သည်။

(ခ) ဖွဲ့စည်းထားသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးဗဟိုအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အစားထိုးခန့်ထားခြင်း ပြုနိုင်သည်။

**အခန်း (၃)**

**ကြီးကြပ်ရေးဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၅။ ကြီးကြပ်ရေးဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အိမ်နီးချင်းနိုင်ငံများနှင့်သော်လည်းကောင်း၊ ဒေသတွင်းဖွဲ့စည်းထားသည့် အဖွဲ့အစည်းများနှင့်သော်လည်းကောင်း ချုပ်ဆိုထားသော သဘောတူစာချုပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) မြန်မာ့ကမ်းရိုးတန်း ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းအတွက်သော်လည်းကောင်း၊ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် သော်လည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း နှစ်မျိုးလုံးအတွက်သော်လည်ကောင်း လုပ်ငန်းလိုင်စင် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်သည့် ခရီးစဉ်နှင့်နယ်မြေအတွက် လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ခြင်း၊အသစ်လဲခြင်း၊ လုပ်ငန်းပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း၊ ကာလသတ်မှတ်၍ လုပ်ငန်းလိုင်စင်ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်းနှင့် အခကြေးငွေများ စည်းကြပ်ကောက်ခံခြင်း၊

(ဂ) ပုဒ်မခွဲ(ခ)ပါ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များသို့ လွှဲအပ်ခြင်း၊

(ဃ) လုပ်ငန်းလိုင်စင်စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(င) လုပ်ငန်းလိုင်စင်ထုတ်ပေးထားသည့် ရေယာဉ်ကို ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းအတွက် စိစစ်ပြီး ခွင့်ပြုချက်ထုတ်ပေးခြင်း၊

(စ) ကြီးကြပ်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အထောက်အကူပြုရန် ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ ရုံးအဖွဲ့ကို ဖွဲ့စည်းပြီး လိုအပ်သည့်အရာထမ်းအမှုထမ်းများ ခန့်အပ်တာဝန်ပေးခြင်း၊

(ဆ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရေယာဉ်များကို ရပ်တန့်၍ ဝင်ရောက်စစ်ဆေးခြင်းနှင့် လိုအပ်သည့် စာရွက်စာတမ်းအထောက်အထား စသည်တို့ကို ရှာဖွေသိမ်းဆည်းခြင်း၊

(ဇ) ဤဥပဒေနှင့် ဤဥပဒေအရ ပြုသည့်နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်သော ရေယာဉ်အသင်းအဖွဲ့တို့အား တားဆီးခြင်းနှင့် ရေယာဉ်အား ယာယီထိန်းသိမ်းခြင်း၊

(ဈ) မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သည့်တာဝန်နှင့် လုပ်ပိုင်ခွင့်များ ကျင့်သုံးဆောင်ရွက်ခြင်း။

၆။ ကြီးကြပ်ရေးဗဟိုအဖွဲ့သည် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုအပ်ပါက ဦးစီးဌာနကိုသော်လည်းကောင်း၊ ကြီးကြပ်ရေးဗဟိုအဖွဲ့ဝင်များအား အဖွဲ့ဖွဲ့စည်း၍သော်လည်းကောင်း၊ အဖွဲ့ဝင်တစ်ဦးဦးကိုသော်လည်းကောင်း လွှဲအပ်တာဝန်ပေးနိုင်သည်။

၇။ ကြီးကြပ်ရေးဗဟိုအဖွဲ့က မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် အဖွဲ့ဝင်တစ်ဦးဦး၏ ရာထူးလစ်လပ်ခြင်းကြောင့်သော်လည်းကောင်း၊ အဖွဲ့ဝင်တစ်ဦးဦး အလုပ်ဝတ္တရား မဆောင်ရွက်နိုင်ခြင်းကြောင့်သော်လည်းကောင်း၊ အဖွဲ့ဝင်တစ်ဦးဦးအား ခန့်ထားရာတွင် ချို့ယွင်းချက်တစ်ခုခုရှိခြင်းကြောင့်သော်လည်းကောင်း ပျက်ပြယ်ခြင်းမရှိစေရ။

**အခန်း (၄)**

**ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၈။ ကြီးကြပ်ရေးဗဟိုအဖွဲ့သည် လိုအပ်သော တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များတွင် မိမိကလွှဲအပ်သည့် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်ရန်နှင့် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ကြီးကြပ်နိုင်ရန် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့်ညှိနှိုင်းပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများမှ သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းနိုင်သည်။

၉။ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များသည် ကြီးကြပ်ရေးဗဟိုအဖွဲ့က အခါအားလျော်စွာ လွှဲအပ်သည့်လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၁၀။ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များသည် မိမိတို့ဆောင်ရွက်သည့် တာဝန်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ရေးဗဟိုအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံရမည်။

**အခန်း (၅)**

**မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်**

၁၁။ မြန်မာ့ကမ်းရိုးတန်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်သော်လည်းကောင်း၊ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်သော်လည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းနှစ်မျိုးလုံးအတွက်သော်လည်းကောင်း လုပ်ကိုင်လိုသူသည် ကြီးကြပ်ရေးဗဟိုအဖွဲ့ သို့မဟုတ် ကြီးကြပ်ရေးဗဟိုအဖွဲ့က အခွင့်အာဏာလွှဲအပ်ခြင်းခံရသည့် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းလုပ်ကိုင်သည့် ရေယာဉ်အသင်းအဖွဲ့ သို့မဟုတ် ရေယာဉ်အတွက် လုပ်ငန်းလိုင်စင်လျှောက်ထားရမည်။

၁၂။ ဤဥပဒေအာဏာတည်သည့်နေ့ရက်တွင် မြန်မာ့ကမ်းရိုးတန်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ၁၉၅၄ ခုနှစ်၊ သင်္ဘောသွားလာမှု အုပ်ချုပ်ရေးအက်ဥပဒေအရ လိုင်စင်ဖြင့် လုပ်ကိုင်နေသူသည်လည်းကောင်း၊ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေအရလိုင်စင်ဖြင့် လုပ်ကိုင်နေသူသည်လည်းကောင်း အဆိုပါ လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုပါက သတ်မှတ်ပေးသည့်ကာလအတွင်း ပုဒ်မ ၁၁ နှင့်အညီ လုပ်ငန်းလိုင်စင်လျှောက်ထားရမည်။ ထိုသို့လုပ်ငန်းလိုင်စင် လျှောက်ထားဆဲကာလအတွင်း ထိုသူသည် အဆိုပါလုပ်ငန်းကို ဆက်လက်၍ လုပ်ကိုင်နိုင်ခွင့်ရှိစေရမည်။

၁၃။ ကြီးကြပ်ရေးဗဟိုအဖွဲ့ သို့မဟုတ် ကြီးကြပ်ရေးဗဟိုအဖွဲ့က အခွင့်အာဏာလွှဲအပ်ခြင်းခံရသည့် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များသည် ပုဒ်မ ၁၁ နှင့် ၁၂ တို့အရ လျှောက်ထားချက်ကို စိစစ်ပြီးစည်းကမ်းချက်များသတ်မှတ်၍ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၄။ လုပ်ငန်းလိုင်စင်ရရှိသူ သို့မဟုတ် အသင်းအဖွဲ့သည်-

(က) သတ်မှတ်ထားသော လုပ်ငန်းလိုင်စင်ခကို ကြီးကြပ်ရေးဗဟိုအဖွဲ့ သို့မဟုတ် သက်ဆိုင်သည့် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ ပေးသွင်းရမည်၊

(ခ) လုပ်ငန်းလိုင်စင်စည်းကမ်းချက်များကို လိုက်နာရမည်၊

(ဂ) လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးပြီးနောက် ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဆက်လက်၍ လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၅။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်အကျိုးစီးပွားအလို့ငှာ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကိုလုပ်ကိုင်သော အစိုးရဌာန၊ အဖွဲ့အစည်းပိုင်ရေယာဉ်များကို ဤဥပဒေအရ လုပ်ငန်းလိုင်စင်ရယူခြင်းကိုဖြစ်စေ၊ လုပ်ငန်းလိုင်စင်ကြေးကိုဖြစ်စေ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကင်းလွတ်ခွင့်ပြုနိုင်သည်။

**အခန်း (၆)**

**ကြီးကြပ်ရေး ဗဟိုအဖွဲ့၏ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်**

၁၆။ ကြီးကြပ်ရေးဗဟိုအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုကိုဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများ သို့မဟုတ် အမိန့်တစ်ခုခုကိုဖြစ်စေ၊ လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်သော သို့မဟုတ် လိုက်နာရန်ပျက်ကွက်သော လုပ်ငန်းလိုင်စင်ရရှိထားသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးပြီး သတ်မှတ်သော ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) လုပ်ငန်းလိုင်စင်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း၊

(ဂ) လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ခြင်း။

**အခန်း (၇)**

**အယူခံခြင်း**

၁၇။ ကြီးကြပ်ရေးဗဟိုအဖွဲ့က ပုဒ်မ ၁၆ အရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုအမိန့်ချမှတ်သည်ကို သိရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပို့ဆောင်ရေးဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၁၈။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် ပုဒ်မ ၁၇ အရ အယူခံမှုကို စိစစ်ပြီး ကြီးကြပ်ရေးဗဟိုအဖွဲ့၏ အမိန့်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

**အခန်း (၈)**

**တားမြစ်ချက်များ**

၁၉။ မည်သူမျှ လုပ်ငန်းလိုင်စင်မရှိဘဲ ရေယာဉ်ဖြင့် မြန်မာ့ကမ်းရိုးတန်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကိုဖြစ်စေ၊ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကိုဖြစ်စေ၊ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း နှစ်မျိုးလုံးကိုဖြစ်စေ လုပ်ကိုင်ခြင်းမပြုရ သို့မဟုတ် လုပ်ကိုင်စေခြင်းမပြုရ။

*စာမျက်နှာ ၁၆ သို့*

## ဥပဒေကြော်ငြာ

စာမျက်နှာ ၁၅ မှ

၂၀။ မည်သူမျှလုပ်ငန်းလိုင်စင်ကို ဖြစ်စေ၊ လုပ်ငန်းလိုင်စင်ထုတ်ပေးထားသည့် ရေယာဉ်ကိုဖြစ်စေ ရောင်းချခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုရာတွင်ကြီးကြပ်ရေးဗဟိုအဖွဲ့၏ ခွင့်ပြုချက်ရယူရန် ပျက်ကွက်ခြင်း မရှိစေရ။

**အခန်း (၉)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၂၁။ (က) မည်သူမဆို ပုဒ်မ ၁၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ၆ လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

(ခ) တရားရုံးသည် ပုဒ်မခွဲ (က)အရ ပြစ်မှုထင်ရှားစီရင်ရာ၌ လုပ်ငန်းလိုင်စင်မရှိဘဲ ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သော သက်သေခံပစ္စည်းအဖြစ် ဖမ်းဆီးထားသည့် ရေယာဉ်ကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။

၂၂။ မည်သူမဆို ပုဒ်မ ၂၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ချမှတ်ခြင်းခံရမည်။

၂၃။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေ သို့မဟုတ် အမိန့်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ချမှတ်ခြင်းခံရမည်။

**အခန်း (၁၀)**

**အထွေထွေ**

၂၄။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် လုပ်ငန်းလိုင်စင်ကြေး၊ လုပ်ငန်းလိုင်စင် သက်တမ်း၊ လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေးနှင့် အခြားအခကြေးငွေများကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားရမည်။

၂၅။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့ထားသော ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ရမည်။

၂၆။ ဤဥပဒေပုဒ်မ ၁၉ ပါ တားမြစ်ချက်သည် ဖျားနာသော သို့မဟုတ် ဒဏ်ရာရသောသူများအား သယ်ဆောင်ခြင်း၊ ဘေးဒုက္ခမှ ကယ်ဆယ်ရန် အစားအစာ၊ ဝတ္ထုပစ္စည်း သို့မဟုတ် ဆေးဝါးများသယ်ယူပို့ဆောင်ခြင်းနှင့် အရေးတကြီး လိုအပ်သောကိစ္စများတွင် ရေယာဉ်ကိုအသုံးပြုခြင်း စသည်တို့နှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၇။ ကြီးကြပ်ရေးဗဟိုအဖွဲ့နှင့် ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များသည် ဤဥပဒေအရ ရရန်ရှိသော အခကြေးငွေများနှင့် ဒဏ်ကြေးများအား ပေးဆောင်ရန်ပျက်ကွက်သည့် ကြွေးကျန်များကို ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရမည်။

၂၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကြီးကြပ်ရေးဗဟိုအဖွဲ့ဝင်နှင့် ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ဝင်များသည် ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၂၉။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ကြီးကြပ်ရေးဗဟိုအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၃၀။ ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ဤဥပဒေအရသာလျှင် ဆောင်ရွက်ရမည်။

၃၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပို့ဆောင်ရေးဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ကြီးကြပ်ရေးဗဟိုအဖွဲ့တို့က လည်းကောင်း၊ ဦးစီးဌာနကလည်းကောင်း လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၃၂။ ၁၉၅၄ ခုနှစ်၊ သင်္ဘောသွားလာမှု အုပ်ချုပ်ရေးအက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

**ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

## သတင်းတို

### အခြေခံကဗျာလွတ်အကဆင့်ပွားနည်းပြသင်တန်းဖွင့်

**နေပြည်တော် သြဂုတ် ၂၂**

ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ မြန်မာအက အခြေခံကဗျာလွတ်အက ဆင့်ပွားနည်းပြသင်တန်း အမှတ်စဉ်(၂/၂၀၁၄)ကို အခြေခံပညာဦးစီးဌာနများမှ ဆရာ ဆရာမများနှင့် ပညာရေးကောလိပ်များမှ ဆရာ ဆရာမများအား ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။ အဆိုပါသင်တန်းများကို မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့တို့တွင် သြဂုတ် ၁၈ ရက်မှ ၂၇ ရက်အထိ၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နှင့် ကယားပြည်နယ် လွိုင်ကော်မြို့တို့တွင် သြဂုတ် ၁၉ ရက်မှ ၂၈ ရက်အထိ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် သြဂုတ် ၂၀ မှ ၂၉ ရက်အထိ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများ၏ အစီအစဉ်ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ပြီး အနုပညာဦးစီးဌာနမှ နည်းပြများကိုစေလွှတ်၍ သင်ကြားပို့ချသွားမည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)မှ သင်တန်းသား ဆရာ ဆရာမများကို ယဉ်ကျေးမှုဝန်ကြီးဌာန (နေပြည်တော်)တွင် သြဂုတ်၂၅ ရက်မှ စက်တင်ဘာ ၃ ရက်အထိ၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးမှ သင်တန်းသား ဆရာ ဆရာမများကို သြဂုတ် ၁၉ ရက်မှ ၂၈ ရက်အထိ မန္တလေးမြို့ အနုပညာဦးစီးဌာနတွင် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စိုက်ပျိုးရေရရှိရေးအတွက် နယ်မြေခံတပ်နှင့် ဒေသခံလယ်သမားများစုပေါင်းဆောင်ရွက်

**နတ်မောက် သြဂုတ် ၂၂**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ငွေးကုန်းကျေးရွာအုပ်စုတွင် ဒေသခံလယ်သမားများနှင့် နယ်မြေခံတပ်များမှ အရာရှိ အရာခံ၊ စစ်သည်များ စုပေါင်းလုပ်အားဖြင့် လယ်မြေများ စိုက်ပျိုးရေဖူလုံစွာ ရရှိရေးအတွက် လေးခင်းတောင်ကိုယ့်အားကိုယ်ကိုးဆည်မှ ရေမြောင်းသွယ်ဖောက်ခြင်း လုပ်ငန်းများကို သြဂုတ် ၂၀ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ငွေးကုန်းကျေးရွာမှ လယ်သမားများအနေဖြင့် မိုးစပါးစိုက်ကွင်း ၁၃၂ ဧက အတွက် စိုက်ပျိုးရေ လုံလောက်စွာရရှိရန် ခက်ခဲမှုများ ဖြစ်ပေါ်နေခဲ့ရာ အဆိုပါရေမြောင်း ဖောက်လုပ်ခြင်းလုပ်ငန်း ပြီးစီးခဲ့ပါက အခက်အခဲများအားလုံး အဆင်ပြေသွားမည်ဖြစ်ပြီး လိုအပ်သောဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်နယ်မှူးကြီးက ပြောကြားသည်။ ရေမြောင်းဖောက်လုပ်ရာတွင် နတ်မောက်မြို့နယ် ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားတစ်စီးအကူအညီရယူခဲ့ပြီး စုပေါင်းလုပ်အားပေးပွဲသို့ လာရောက်ကြသူများအား နယ်မြေခံတပ်မှ နံနက်စာ လက်ဖက်ရည်နှင့် မုန့်များဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။ **လှဝင်း(iprd)**

## နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**မင်းလှ သြဂုတ် ၂၂**

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် တောင်ဦးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် မိုးပွင့်အဆင့်(၆) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ပေးအပ်ပွဲကို သြဂုတ် ၁၇ ရက် မွန်းလွဲပိုင်းက ကျင်းပရာ မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဝေနှင့်ဝန်ထမ်းများက ကျေးရွာပြည်သူ ၃၀၉ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးနှင့်အတူ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှစိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပေါက်ကျော်နှင့် မြို့နယ် လဝက ဦးစီးအရာရှိ ဦးကြည်ဝင်းတို့ တက်ရောက်ခဲ့ကြပြီး ကျေးရွာပြည်သူများ ကိုယ်စား ဦးဝင်းရွှေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ **(မြို့နယ်လဝက)**

## RBE ရထားတွဲသစ်များပြေးဆွဲ

**ဆိပ်ဖြူ သြဂုတ် ၂၂**

မြန်မာ့မီးရထား တိုင်းအမှတ်(၁၀)မှ ပခုက္ကူ-ဆိပ်ဖြူ ခရီးစဉ်ကို RBE ရထားတွဲများဖြင့် ပြေးဆွဲလျက်ရှိရာ ဇူလိုင် ၂၆ ရက်မှ စတင်၍ RBE ရထားတွဲဆိုင်းသစ်များ အဆင့်မြှင့် ပြေးဆွဲပေးခဲ့ပြီး ဧရာဝတီမြစ်အနောက်ဘက် ခရီးသွားပြည်သူများသည် မြန်မာ့မီးရထားဖြင့် ပခုက္ကူမြို့နှင့် ဆိပ်ဖြူမြို့များကို အဓိကထား၍ သွားလာကြသည်။

အဆိုပါ RBE ရထားတွဲများ အဆင့်မြှင့် ပြေးဆွဲပေးခြင်းကြောင့် ခရီးသွားပြည်သူများအနေဖြင့် သွားလာမှုအဆင်ပြေခဲ့ပြီး ရထားစီးရာမှာ သက်သောင့်သက်သာရှိပြီး ဆိပ်ဖြူ-ပခုက္ကူခရီးစဉ်အတွက် စီးနင်းခငွေကျပ် ၆၅၀ သာရှိကာ ရထားဝန်ထမ်းများကလည်း ဝန်ဆောင်မှုအနေဖြင့် ရထားစီးနင်းသူများအတွက် အမှိုက်သရိုက်၊ ကျန်းမာရေးမူးဝေအော့အန်သူများအတွက် ပလတ်စတစ်အိတ်များချိတ်ဆွဲပေးထားပြီး ရထားစီးနင်းချိန်တွင် သန့်ရှင်းမှုများရှိစေရန် အမြဲနှိုးဆော်အသိပေးလျက် ရှိကြောင်း သိရသည်။ **စိုးလင်းနိုင်(iprd)**


### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကို၈ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ချောက်မြို့နယ် တရားမရုံး၌**

**၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၄၅**

ဒေါ်မြငွေ **နှင့်** ၁။ ဦးအောင်ပု၊ ၂။ ဦးကုလား၊ ၃။ ဦးဆန်းလွင်၊ ၄။ ဒေါ်သန်းရီ၊ ၅။ ဦးကျော်ကြီး၊ ၆။ ဦးကြည်မြင့် ၇။ ဦးမျိုးချစ်၊ ၈။ ဒေါ်မွေး

**တရားလို** **တရားပြိုင်များ**

ချောက်မြို့၊ တောင်သာတောင်ရွာနေ ၂။ တရားပြိုင် ဦးကုလား (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်မြငွေက အမွေပုံပစ္စည်းလက်ရောက်ရလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် သြဂုတ် ၂၇ရက် (၁၃၇၆ခုနှစ် တော်သလင်းလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်စပ်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် သြဂုတ် ၁၃ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(သရဖီအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ချောက်မြို့နယ်တရားရုံး**

**ပြင်ဆင်ဖတ်ရှု**

၁၈-၈-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာကဏ္ဍ စာမျက်နှာ (၇)ပါ ကန့်ကွက်ရန်တွင် တောင်ဥက္ကလာပမြို့နယ် မြေတိုင်း(၉)၊ မြေကွက်(၆၇) တွင် ဒေါ်သန်းကြွယ်အစား ဒေါ်သန်းကြည်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

### မွေးသက္ကရာဇ်အမှန်

မြိတ်မြို့၊ ဈေးတန်းရပ်၊ ရုံးလမ်း၊ အမှတ်(၇၆)နေ ဦးအင်ကိတ်၏သမီး မဖြိုးအိန္ဒြေဦး ၆/မမန(နိုင်)၁၆၆၀၅၃၏ မွေးသက္ကရာဇ်မှာ ၁၃-၃-၁၉၉၄ ဖြစ်ပါကြောင်း။

### အမည်ပြောင်း

ဦးလှိုင်ဝင်းမောင်၏သား တောင်ငူမြို့၊ တောင်ငူပညာရေးကောလိပ်၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ တတိယတန်းမှ မောင်ဟိန်းထက်အား မောင်ဟိန်းထက်စံဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဟိန်းထက်စံ**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၄၁၄၀၃ Yinxiang 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနန်းလှိုင် ၉/သစန(နိုင်)၁၂၃၀၈၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ခ/၄၀၉၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၈၀၆၈၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ည/၈၂၄၃၊ KABA KYAW MPV, M/B ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းခမ်းသိန်း ၁၃/မရန(နိုင်)၀၁၈၇၁၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကို၈ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်တရားရုံး**

**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၉၇**

ဦးဝင်းသိန်း(ခ)ဦးလော်ဝင်းသိန်း **နှင့်** ၁။ ဒေါ်ဟာဖီဇာဘီ ၂။ ဒေါ်ခင်မီမီ

**တရားလို** **တရားပြိုင်များ**

အမှတ်-၉၂၅/က၊ လမ်း(၂၀)၊ ၇ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ တရားပြိုင်များ ၁။ ဒေါ်ဟာဖီဇာဘီ SF-၀၀၅၃၉၆နှင့် ၂။ ဒေါ်ခင်မီမီ SLOKA-၀၇၅၇၁၇နေ (ယခုနေရပ်လိပ်စာမသိ)သူအား သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဝင်းသိန်း(ခ)ဦးလော်ဝင်းသိန်းက ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် သြဂုတ် ၃ရက် (၁၃၇၆ခုနှစ် တော်သလင်းလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် သြဂုတ် ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မောင်ဆွေ)**
**မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

# မြေနီကုန်းခုံးကျော်တံတားတည်ဆောက်စဉ် ခရီးသည်တင်ယာဉ်လိုင်းများအတွက် ယာယီလမ်းကြောင်းများ မထသမှ မကြာမီသတ်မှတ်ထုတ်ပြန်မည်

**ရန်ကုန် ဩဂုတ် ၂၂**

မြေနီကုန်းခုံးကျော်တံတား တည်ဆောက်စဉ်ကာလအတွင်း ခရီးသည်တင်ယာဉ်လိုင်းများ ယာယီပြောင်းလဲ ပြေးဆွဲပေးသွားမည့် လမ်းကြောင်းများကို မကြာမီ အသိပေးထုတ်ပြန်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဩဂုတ် ၂၀ က ပြုလုပ်သော မထသ(ဗဟို) မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

အဆိုပါ ယာဉ်လိုင်းများ ယာယီပြောင်းလဲ ပြေးဆွဲပေးသွားမည်နှင့် စပ်လျဉ်း၍ မထသ(ဗဟို)မှ ဥက္ကဋ္ဌ ဦးလှအောင်က "မြေနီကုန်းခုံးကျော်တံတားကို မတ် ၃၁ ရက် အပြီးသတ် တည်ဆောက်မယ်ပြောတယ်။ တည်ဆောက်စဉ် ကာလအတွင်း ကုမ္ပဏီက ယာဉ်လမ်းကြောင်းတွေချဲ့ပေးမယ်လို့တော့ပြောပါတယ်။ သူတို့ လုပ်ငန်းစတင်တာနဲ့ ကျွန်တော်တို့ ယာဉ်လိုင်းတွေက ရွှေ့ပေးရမှာဖြစ်ပါတယ်။ ဘေးပလက်ဖောင်းကို ရှစ်ပေ၊ ဒါမှမဟုတ် ၁၀ ပေ ချဲ့ပေးလိုက်တယ်ဆိုရင် ယာဉ်ကြီးတွေ ပုံမှန်သွားနိုင်မလား၊ ဒါမှမဟုတ် မီနီဘတ်စ်တွေနဲ့ ပြေးဆွဲပေးလို့ရနိုင်မလားဆိုပြီး ခရီးသည်တွေအတွက် စဉ်းစားနေပါတယ်။ မူလ Plan က ဩဂုတ် ၁၉ ရက် ညပိုင်းမှာစတင်ကာမယ်ပြောတယ်၊ အမှန်ဆို ယာဉ်လိုင်းတွေအတွက် ဒီနေ့ပြောင်းပေးရမှာပါ။ အခုထိတော့ မကာသေးပါဘူး၊ တိုင်းတာမှာကတော့ သုံးလ သို့မဟုတ် လေးလကြာမယ်တော့ ပြောပါတယ်။ ဒီတံတားတည်ဆောက်ရေးစီမံကိန်းကာလအတွင်း ယာဉ်တွေဘယ်လိုသွားလာနိုင်မလဲဆိုတာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဌာနဆိုင်ရာများပါဝင်တဲ့ အဖွဲ့တစ်ဖွဲ့ကိုဖွဲ့ပေးထားပါတယ်။ ဒီအဖွဲ့က လမ်းချဲ့မယ်၊ ဖုန်းကြိုးများ၊ ဓာတ်တိုင်များလွတ်ကင်းမလားဆိုပြီး ကြီးကြပ်မှာပါ" ဟု ဆိုသည်။

ပြေးဆွဲပေးသွားမည့် ယာဉ်လိုင်းများ၊ ပြေးဆွဲမည့် ယာဉ်လမ်းကြောင်းနေရာများအတွက်လည်း မထသ(ဗဟို)မှ လတ်တလော လျာထားချက်များရှိသော်လည်း ခရီးသည်တင်ယာဉ်လိုင်းများ အသုံးပြုနေကြသော အများပြည်သူများနှင့် ခရီးသည်တင်ယာဉ်လိုင်းများ အဆင်ပြေလွယ်ကူစွာ ပြေးဆွဲပေးနိုင်ရေးအတွက် ခုံးကျော်တံတားလုပ်ငန်း စတင်သည်နှင့်တစ်ပြိုင်တည်း လက်တွေ့ကွင်းဆင်းကြည့်ရှုကာ ပြေးဆွဲပေးမည့် ယာဉ်လိုင်းများနှင့် ယာဉ်သွားရာ လမ်းကြောင်းနေရာများအတွက် မကြာမီ အသိပေးထုတ်ပြန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီမှ သိရသည်။

မြေနီကုန်းခုံးကျော်တံတား တည်ဆောက်ရခြင်းမှာ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မြေနီကုန်းမီးပွိုင့်တွင် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပွားလာရခြင်းကြောင့်ဖြစ်ကြောင်း၊ တည်ဆောက်ခွင့်ရကုမ္ပဏီက အောက်ခြေအနေအထားကို စတင်ကာရံသည်နှင့်တစ်ပြိုင်တည်း လမ်းကြောအနေအထားကိုကြည့်ကာ ခရီးသည်တင်ယာဉ်လိုင်းများကို ပြောင်းလဲပြေးဆွဲပေးသွားမည် ဖြစ်ကြောင်း၊ လက်ရှိ မြေနီကုန်းခုံးကျော်တံတားတည်ဆောက်ရေးစီမံကိန်း အတွက် ဇုန် ၁၊ဇုန် ၂၊ဇုန် ၃ ဟုသတ်မှတ်ထားရှိကြောင်း၊ ဇုန် ၁ တွင် မဟာမြိုင်လမ်းမှ မြေနီကုန်းဗားကရာလမ်းအထိပါဝင်ကြောင်း၊ ဇုန် ၂ တွင် ဗားကရာလမ်းမှ ရှင်စောပုလမ်းအထိပါဝင်ကြောင်း၊ ဇုန် ၃ တွင် ဗားကရာလမ်းမှ လွှတ်တော်အနီးထိ ပါဝင်ကြောင်း သိရသည်။

**စိုးဝင်း(SP)**



## လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဟောပြော

**တပ်ကုန်း ဩဂုတ် ၂၂**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၉ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က အမှာစကားပြောကြားပြီး နေပြည်တော်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု ရဲအုပ်ကျော်နိုင်ဦးက လူကုန်ကူးမှုခံရသည့် အကြောင်းအရင်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်လွင်ဦးက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက် (၄)ချက်ဖြင့် ဆောင်ရွက်မှုအခြေအနေများအကြောင်းကို ရှင်းလင်းဟောပြောခဲ့သည်။

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ရပ်ကွက် (၆)ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၄၉)အုပ်စုတို့တွင် ပြည်သူများ လူမှောင်ခိုကူးမှုမခံရစေရန်အတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၂ ရက်တွင် ထန်းတောကြီးကျေးရွာနှင့် ဩဂုတ် ၁၀ ရက်တွင် ရွာတောကျေးရွာ၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဟောပြောပွဲများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(၄၁၇)**



လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်များ အလွယ်တကူရရှိနိုင်ရေးအတွက် မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်နှင့် တောင်သူကုန်းရပ်ကွက်များတွင် ဩဂုတ် ၁၇ နှင့် ၁၈ ရက်က ဆောင်ရွက်ပေးစဉ်။ မြင့်ဦး(အင်းစိန်)

## တန်ဖိုးနည်းအာဟာရချက်ပြုတ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ဆားလင်းကြီး ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသော တန်ဖိုးနည်းအာဟာရချက်ပြုတ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၉ ရက်က ဆားလင်းကြီးမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး ငွေသာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ဆားလင်းကြီးမြို့ မြို့နယ်ဆရာဝန်ကြီး ဦးတင်လွင်က တန်ဖိုးနည်းအာဟာရ နေ့စဉ်ချက်ပြုတ်စားသုံးရာတွင် အစာအုပ်စုသုံးအုပ်စုစလုံးပါဝင်အောင် စားသုံးပေးရန်၊ မွေးကင်းစကလေးငယ်များကို အသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ စနစ်တကျတိုက်ကျွေးရန် ကျန်းမာရေးအသိပညာပေးရှင်းလင်းပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မညို့က ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးမိခင်များကို အာဟာရဖြစ်အစားအစာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် တန်ဖိုးနည်းအာဟာရချက်ပြုတ်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဆားလင်းကြီးမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိကြသည့် မြို့ပေါ် အမှတ်(၁၊ ၂၊ ၃) ရပ်ကွက်တို့ရှိ အမျိုးသမီးအဖွဲ့များအား ဆုများချီးမြှင့်ခဲ့သည်။

ထို့နောက် ဆားလင်းကြီးမြို့ အမှတ်(၁) ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း(ချမ်းသာ) တွင် ကျောင်းသားကျောင်းသူလေးများအား မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ဦးဆောင်၍ ဘီတာမင်အေအားဆေးများနှင့် အာဟာရများတိုက်ကျွေးခဲ့ကြောင်း သိရှိရသည်။

**ဦးငယ်(ဆားလင်းကြီး)**


**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၉၀)ပြည့်**
**နဝရတ်ရတုအထိမ်းအမှတ် နှစ်လည်မဂ္ဂဇင်း**
**စာမူဖိတ်ခေါ်ခြင်း**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ နဝရတ်ရတုအထိမ်းအမှတ် နှစ်လည်မဂ္ဂဇင်းကြီးကို ထုတ်ဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူ ဝါသနာရှင်ပုဂ္ဂိုလ်များ ပါဝင်ရေးသားဖော်ပြနိုင်ရေးအတွက် အောက်ပါလိပ်စာသို့ ၁၅-၉-၂၀၁၄ရက် (တနင်္လာနေ့)နောက်ဆုံးထား၍ ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါး၊ ရယ်စရာ၊ ကာတွန်း၊ စာညွှန့်၊ ဘာသာရပ်ဆိုင်ရာ ဆောင်းပါးစသည့် မိမိနှစ်သက်ရာ စာမူများကို ပေးပို့နိုင်ကြောင်း အကြောင်းကြားအပ်ပါသည်။

**စာမူစည်းကမ်းများ**

၁။ စာမူများကို လျှောက်လွှာ(A4)စာရွက်ဖြင့် မျက်နှာတစ်ဖက်တည်းရေးသားပေးပို့ပါ။ စာမျက်နှာတပ်ပါ။ လက်ဝဲဖက်ဘေးစွန်းနေရာ(တစ်လက်မစာ) အလုံအလောက်ထားပါရန်။
၂။ ဝတ္ထုတို၊ ဆောင်းပါးများအတွက် လက်ရေးမူဖြစ်ပါက (A4)(၈)မျက်နှာထက် မပိုရ။ ကွန်ပျူတာစာစီဖြစ်ပါက (Font: Metrix-1,Pointsize: 14, Line spacing: 1.15) A4 (၆)မျက်နှာထက် မပိုရ။
၃။ ဘာသာပြန်စာမူဖြစ်လျှင် မူရင်းစာကိုယ်ကို ပူးတွဲတင်ပြပါရန်။
၄။ ကာတွန်းကို တစ်ကွက်လျှင်(၇လက်မ×၉လက်မ)အရွယ်ထား၍ စာရွက်အဖြူပေါ်တွင် မင်အနက်ဖြင့် ပီသသေသပ်စွာရေးဆွဲပေးပို့ပါရန်။
၅။ ပင်ကိုယ်ရေးစာမူဖြစ်ကြောင်းနှင့် အခြားစာစောင်များတွင် ဖော်ပြပြီးမဟုတ်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပေးပို့ပါရန်။
၆။ ကလောင်အမည်၊ အမည်ရင်း၊ ခုံအမှတ်၊ အတန်း(သို့မဟုတ်)အလုပ်အကိုင်နှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံဖော်ပြပေးပါရန်။
၇။ အီးမေးလ်ဖြင့်ပေးပို့လိုပါက အထက်ဖော်ပြပါ စည်းကမ်းများအားလုံး အကျုံးဝင်ရမည် ဖြစ်ပြီး Yaumagazine@gmail.com သို့ပေးပို့နိုင်ပါသည်။

**ဆက်သွယ်ပေးပို့ရန်လိပ်စာ**
ဒေါက်တာတင်တင်အေး
(ပါမောက္ခ-သင်တန်းရေးရာ)
ဥက္ကဋ္ဌ၊ နှစ်လည်မဂ္ဂဇင်းထုတ်ဝေရေးကော်မတီ
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၆၅၁၂၊ ဖက်စ်-၀၆၇-၄၁၆၅၁၃
အီးမေးလ်-yaumagazine@gmail.com

**နှစ်လည်မဂ္ဂဇင်းထုတ်ဝေရေးကော်မတီ**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**



**ဇမ္ဗူသီရိအထူးကုဆေးရုံကြီး**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ နေပြည်တော်တွင် အသုံးပြုရန်လိုအပ်သော ဓာတ်ခွဲခန်းသုံးစက်ပစ္စည်း သုံးမျိုးနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူလိုပါသည်။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ၂၅-၈-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ အုပ်ချုပ်မှုဌာနတွင် ရယူနိုင်ပြီး ၁-၉-၂၀၁၄ရက် ညနေ ၃း၀၀နာရီ နောက်ဆုံးထား၍ လျှောက်ထားရမည်။ အသေးစိတ်သိလိုပါက ဖုန်း-၀၆၇-၅၅၀၁၅၁၊ ၀၆၇-၅၅၀၁၅၃တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**ဇမ္ဗူသီရိအထူးကုဆေးရုံကြီး**



**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးဦးစီးဌာန**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပျဉ်မနား စိုက်ပျိုးရေးသိပ္ပံတွင် အမျိုးသားနှစ်ထပ်ဆောင်(၁၇၃'×၃၂'×၂၁.၅')အား ပျဉ်းမနားမြို့၊ နေပြည်တော်ကောင်စီနယ်မြေတွင် မြန်မာကျပ်ငွေဖြင့် ဆောက်လုပ်လိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၅-၈-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၂၉-၈-၂၀၁၄ ရက်၊ ၁၁း၃၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါရုံးလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန် ထပ်မံလိုအပ်သည့်ပစ္စည်းများကို မြို့နယ်အလိုက်/လမ်းအလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**စဉ် ပစ္စည်းအမျိုးအစား**
၁။ ကျောက်ကြီး
**တင်ဒါလျှောက်လွှာပိတ်ရက်** - ၈-၉-၂၀၁၄ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - နံနက် ၉း၃၀ နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မင်းဘူးခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ၂၁-၈-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ဖုန်း-၀၆၅-၂၁၀၄၉၊ ၂၁၃၆၀**



**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ကျွန်းစုမြို့၊ အုတ်ဖိုမော်ကျေးရွာနေ တက္ကသိုလ်ဝင်တန်းအောင် မောင်ဇင်ကိုထူး၏ဖခင်မှာ ဦးသန်းထွန်းဦး ၆/ကစန(နိုင်)၀၅၈၇၄၁နှင့် ဦးသာထူးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးသန်းထွန်းဦး(ခ)ဦးသာထူး**

# အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲကျင်းပ

**မြင်းမူ ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်တွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားကို မြို့နယ်ကျန်းမာရေးဦးစီးဌာနခန်းမ၌ ဩဂုတ် ၂၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာခင်မောင်ကြီးက အာဟာရ ပြည့်ဝစေရန် သံဓာတ်ဆေးပြားများ၊ ဗီတာမင်အေဆေးပြားများ ပုံမှန်သောက်သုံးကာ မိခင်ဘဝဖြစ်လာသည်နှင့်အမျှမွေးဖွားလာမည့် ကလေးငယ်များ ကျန်းမာသန်စွမ်းပြီး အာဟာရပြည့်ဝသော၊ ဉာဏ်ရည်မြင့်မားသော ကလေးငယ်များ ပိုင်ဆိုင်လာမည်ဖြစ်ကြောင်း၊ ကလေးငယ်များကိုလည်း ငါးနှစ်အထိ ဗီတာမင်အေဆေးနှင့်သန်ချဆေးများ တိုက်ကျွေးကြရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းနိုင်တို့က ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင်အေဆေးလုံးနှင့် သန်ချဆေးများ တိုက်ကျွေးကြပြီး ကိုယ်ဝန်ဆောင်မိခင်များအား ဗီတာမင်အေဆေးပြား၊ သံဓာတ်ဆေးပြားနှင့် အိုင်အိုဒင်းဆားတို့ကို ပေးအပ်ကာ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် တာဝန်ရှိသူများက မြို့နယ်အာဟာရဖွံ့ဖြိုးရေး လှုပ်ရှားမှု စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများနှင့် မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ငါးနှစ်အောက် ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအတွက် အာဟာရ မျှတသည့် အစားအစာများ ချက်ပြုတ်နည်းများ ပြင်ဆင်ပြသပြီး ကျွေးမွေးခဲ့ကြသည်။

ဖွင့်ပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ကိုယ်ဝန်ဆောင်မိခင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်စိုးဇေ**(iprd)



# ဝက်မွေးမြူရေးအသင်းသို့ ချေးငွေပေးအပ်

**ကောလင်း ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မွေးမြူရေး အသင်းအမှုဆောင်ကော်မတီက ကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မြို့နယ်ဝက်မွေးမြူရေးအသင်းသားများအား ဝက်မွေးမြူရေးချေးငွေ ထုတ်ပေးခြင်းနှင့် ဝက်မျိုးကောင်းမျိုးသန့် မွေးမြူရေးအတွက် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်မှ ချေးငွေပေးအပ်ပွဲကို ဩဂုတ် ၂၀ ရက်က မြို့နယ်သမဝါယမအသင်း ရုံးခန်းမ၌ ကျင်းပခဲ့သည်။

ချေးငွေပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်က အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာတင်ဝင်းရွှေက ချေးငွေထုတ်ပေးရခြင်းရည်ရွယ်ချက်နှင့် ဝက်ရောဂါများအကြောင်း ရှင်းလင်းပြောကြားကာ မြို့နယ်မွေးမြူရေးအသင်းဥက္ကဋ္ဌ ဦးရန်ကြီးအောင်က လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေးပြောကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဦးစီးအရာရှိတို့က မြို့နယ်ဝက်မွေးမြူရေးအသင်းသားများအား ချေးငွေကျပ် ၄၅၇ သိန်းကိုပေးအပ်ခဲ့သည်။

**အောင်ကျော်စိုး**(iprd)

# မြစိမ်းရောင်ရန်ပုံငွေပေးအပ်ပွဲကျင်းပ

**ဆီဆိုင် ဩဂုတ် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများအား ရန်ပုံငွေထောက်ပံ့ပေးအပ်ပွဲကို တခေါ့ခွန်ကျေးရွာတွင် ဩဂုတ် ၁၉ ရက်က ကျင်းပခဲ့သည်။

ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စု၊ တခေါ့ခွန်ရွာအုပ်စုအတွင်းရှိ မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများမှ ဒေသခံကျေးလက်ပြည်သူများအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်းသုံးရာ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။ ရန်ပုံငွေပေးအပ်ပွဲသို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင် ဦးခွန်လှသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခွန်သန်းထူး၊ မြို့နယ်နှင့်ကျေးရွာမြစိမ်းရောင်ကော်မတီဝင်များနှင့် ကျေးရွာပြည်သူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# လဝကအမှုထမ်းများ စွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်

**လပွတ္တာ ဩဂုတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနတွင် အမှုထမ်း စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း(၁/၂၀၁၄)အား ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရုံးခန်းမတွင် ဩဂုတ် ၁၈ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် လပွတ္တာခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်က နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ တတိယအဆင့် (Third Wave) အရှိန်အဟုန် မြှင့်တင်မှုဆောင်ရွက်ရာတွင် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဦးစားပေးလိုအပ်ချက်များကို ချက်ချင်းဆောင်ရွက်ဖြည့်ဆည်းပေးနိုင်ရန်၊ မိမိရုံးဝန်ထမ်းများအား မိမိဌာန၏ နည်းဥပဒေ၊ အက်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ကျွမ်းကျွမ်းကျင်ကျင် သိရှိနားလည်စေရန်၊ ပြည်သူများ၏ လိုအပ်ချက်များအား အဆင်ပြေချောမွေ့စွာ အလွယ်တကူဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ အမှုထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို ဖွင့်လှစ်သင်ကြားပို့ချရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ ခရိုင်ဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး တစ်ဦး၊ ကြီးကြပ်ရေးမှူး နှစ်ဦး၊ ဒုကြီးကြပ်ရေးမှူး တစ်ဦး၊ အမှုတွဲထိန်းတစ်ဦး၊ ရုံးအကူတစ်ဦး တက်ရောက်ကြပြီး သင်တန်းကို ဩဂုတ် ၃၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်တွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် စည်ပင်သာယာရေးကော်မတီပိုင်ဈေးများအတွင်းရောင်းချနေသော အိုင်အိုဒင်းဆားများ အရည်အသွေးပြည့်ဝမှု၊ အိုင်အိုဒင်းပါဝင်မှုရှိမရှိကို မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ဩဂုတ် ၂၀ ရက်က စစ်ဆေးခဲ့ကြသည်။**

ဉာဏ်မင်း(နမ့်ခမ်း)




**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းဓာတ်အားစနစ်ဌာနမှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

(၁) (72'x42')အမ်းလိုင်းမှူးရုံးဆောက်လုပ်ခြင်း
(၂) အမ်းလိုင်းမှူးရုံးတွင် E Type (60'x50') ဆောက်လုပ်ခြင်း

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၂-၈-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၂-၉-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၈၂**



**ကန့်ကွက်နိုင်ပါကြောင်း**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇၊ ရွှေပေါက်ကံ့)၊ မြေကွက် အမှတ် ၃၇၁၊ မြေကွက်တည်နေရာအမှတ် ၃၇၁၊ နှင်းဆီလမ်း ဒေါ်ခင်ဌေးမြင့် ၁၂/စခန(နိုင်)၀၂၅၁၀၈ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် မိခင် ဒေါ်ခင်ဌေးမြင့်၊ ဖခင်ဦးသန်းထွန်း ကွယ်လွန်သဖြင့် ဒေါ်လှလှဌေး ၁၂/စခန(နိုင်)၀၂၆၃၁၈၊ ဦးသန်းထွန်းဦး ၁၂/စခန(နိုင်) ၀၂၆၄၅၈၊ ဦးသန်းထွန်းအောင် ၁၂/စခန(နိုင်)၀၅၆၇၇၇၊ ဦးသန်းထွန်းဝင်း ၁၂/စခန(နိုင်) ၀၅၅၁၂၆၊ ဒေါ်နန္ဒသန္တာထွန်း ၁၂/စခန(နိုင်)၀၅၆၈၃၅ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး**
**(တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၊ မန္တလေးတိုင်းဒေသကြီး)**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီးမှ ၂၀၁၄-၂၀၁၅ ခုနှစ် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်ရန် အောက်ဖော်ပြပါ လုပ်ငန်းများပါရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) ရမည်းသင်းခရိုင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာစုပေါင်းရုံး အဆောက်အအုံဆောက်လုပ်ခြင်း (၄၈'×၃၀'၊ နှစ်ထပ်၊ သံကူကွန်ကရစ်)
(ခ) ကျောက်ဆည်မြို့နယ်၊ ၃၃/၁၁ကေဗွီ ၄ဣတောင်ဓာတ်အားခွဲရုံဝင်းအတွင်း လေးခန်းတွဲ ဝန်ထမ်းနေအိမ်အဆောက်အအုံဆောက်လုပ်ခြင်း (၆၀'×၅၀'၊ တစ်ထပ်၊ သံကူကွန်ကရစ်)
(ဂ) မြစ်သားမြို့နယ်၊ လျှပ်စစ်အင်ဂျင်နီယာရုံးဝင်းအတွင်း လေးခန်းတွဲ ဝန်ထမ်းနေအိမ် အဆောက်အအုံဆောက်လုပ်ခြင်း (၆၀'×၅၀'၊ တစ်ထပ်၊ သံကူကွန်ကရစ်)

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၈-၂၀၁၄ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၉-၉-၂၀၁၄ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ညနေ ၁၆း၃၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့** **ဖုန်း-၀၂-၂၄၉၆၁**
**မန္တလေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး ဖုန်း-၀၂-၃၉၈၀၂၊ ၀၂-**
၃၉၈၀၃၊ ၀၂- ၃၉၃၃၁၊ ၀၂-၃၉၁၆၁



**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ ထားဝယ်-ကန်ပေါက် ၆၆ ကေဗွီဓာတ်အားလိုင်းအတွက် လိုအပ်သော (၁၂)မီတာ ကွန်ကရစ်ကျောက်တိုင်နှင့် (၁၅)မီတာ ကွန်ကရစ်ကျောက်တိုင်များအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** -၂၂-၈-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** -၅-၉-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** -၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ပစ္စည်းစီမံရေးရာဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၈၂**



**ကန့်ကွက်နိုင်ပါကြောင်း**

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၆/၁၊ မြေကွက်အမှတ်၇၆၂/က၊ မြေကွက်တည်နေရာ အမှတ်၇၆၂/က၊ ဇောတိကလမ်း၊ ၁၆/၁ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ရှိ မြေနေရာအား ဂရန်စီမံချက်ကာလက ဦးရွှေအမည်ဖြင့် မြေတိုင်း(၁၆/၂)၊ မြေကွက်(၇၆၂/က) အတွက် နှစ်၆၀ ဂရန်ဝန်ဆောင်ခငွေကျပ် ၂၀၀၀ ပေးသွင်းထားသော ငွေရပြေစာဖြတ်ပိုင်းနှင့် မြေတန်ဖိုး(၂၁ပေ×ပေ၆၀)အတွက်ငွေကျပ် ၁၂၆၀၀ ပေးသွင်းထားသော ငွေရပြေစာဖြတ်ပိုင်း၊ ဦးရွှေနှင့် ဇနီးဒေါ်စောရီတို့ ကွယ်လွန်၍ ဒေါ်အေးအေး+၂၊ သားသမီး(၃)ဦးကိုသာမွေးခဲ့ကြောင်း သေစာရင်းနှင့် တရားရုံးကျမ်းကျိန်လွှာ၊ ဒေါ်အေးအေး၁၂/သဃက(နိုင်)၀၁၁၅၂၂ က ကျန်ညီအမ(၂)ဦးထံမှ မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်း၊ ကတိစာချုပ်ဖြင့်ရရှိခဲ့ကြောင်း ကတိစာချုပ်တို့တင်ပြပြီး ဂရန်သစ်လျှောက်ထားလာခြင်းအား ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထက်မြန်မာနိုင်ငံသတင်းစာဆရာများအသင်းဖွဲ့စည်းရေးနှင့် လုပ်ငန်းဆိုင်ရာ အစည်းအဝေးကျင်းပ

**သီပေါ ဩဂုတ် ၂၂**

သတင်းစာဆရာများ၏ သာရေး၊ နာရေး၊ လူမှုရေးကိစ္စရပ်များ ကူညီဆောင်ရွက်နိုင်ရန်နှင့် သတင်းလုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်ရာ၌ ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရာတွင် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရန်အတွက် အထက်မြန်မာနိုင်ငံ သတင်းစာဆရာများအသင်း (Upper Myanmar Journalists' Association) ဖွဲ့စည်းရေးနှင့် ပထမအကြိမ်လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ အိုရီယင်တယ်ဟောက်စ်ခန်းမ၌ ကျင်းပရာ ပုဂံမြို့၊ ညောင်ဦး၊ ရေစကြို၊ နွားထိုးကြီး၊ ရွှေဘို၊ မလှိုင်၊ မိတ္ထီလာ၊ စစ်ကိုင်း၊ ပြင်ဦးလွင်၊ သီပေါ၊ ကျောက်မဲနှင့် မန္တလေးမြို့နယ်များမှ သတင်းစာဆရာများ၊ မီဒီယာများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိဦးစိန်ဝင်းအောင် (စိန်ဝင်းအောင်-မန္တလေး)က အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီး ဒေါက်တာဦးမြင့်ကြူက သတင်းမီဒီယာ၏ တာဝန်ဝတ္တရားနှင့်ရှောင်ရန်၊ ဆောင်ရန်ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ ကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဦးစော (မဟာဝိဇ္ဇာပါမောက္ခ-ငြိမ်း) က အထက်မြန်မာနိုင်ငံသတင်းစာဆရာများအသင်း ဖွဲ့စည်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လည်းကောင်း၊ စည်းရုံးရေးကော်မတီ အဖွဲ့ခေါင်းဆောင် ဦးဌေးအောင်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။



ထို့နောက် အထက်မြန်မာနိုင်ငံသတင်းစာဆရာများဥက္ကဋ္ဌ ဦးဌေးအောင်နှင့် ကော်မတီဝင်များ၊ ဘဏ္ဍာရေး၊ စည်းရုံးရေး၊ ပြန်ကြားရေးနှင့် ဥပဒေပိုင်းဆိုင်ရာ လုပ်ငန်းကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီး အထက်မြန်မာနိုင်ငံ သတင်းစာဆရာများအသင်းဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ပြဟ္မစိုရ်စာကြည့်တိုက်သို့ သတင်းစာဆရာများလေ့လာ

**မန္တလေး ဩဂုတ် ၂၂**

မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖွင့်လှစ်သော မန္တလေးမြို့ ပြဟ္မစိုရ်လူမှုကူညီရေးအသင်းနှင့် ပြဟ္မစိုရ်စာကြည့်တိုက်အား အထက်မြန်မာနိုင်ငံ သတင်းစာဆရာ အသင်းဝင်များ ဩဂုတ် ၂၀ ရက်က ကြည့်ရှုလေ့လာခဲ့ရာ ပြဟ္မစိုရ်လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက စာကြည့်တိုက် ထိန်းသိမ်းဆောင်ရွက်မှု လုပ်ငန်းများ၊ စာကြည့်တိုက်ရှိ စာအုပ်များ၊ စာကြည့်တိုက်သမိုင်းကြောင်းနှင့် တိုးတက်ရေးဆောင်ရွက်နေပုံများ၊ ပြဟ္မစိုရ်လူမှုကူညီရေးအသင်းက ဆောင်ရွက်လျက်ရှိသော လူမှုကူညီရေးလုပ်ငန်းများအကြောင်းကို သတင်းစာဆရာအသင်းဝင်များအား ရှင်းလင်း ပြသခဲ့ကြောင်း သိရသည်။

**(ဝဇိရ)**

## ကြက်သွန်နီဈေးနှုန်းလျော့ကျ

**ရန်ကုန် ဩဂုတ် ၂၂**

ဩဂုတ်လဆန်းမှစ၍ ကျပ် ၃၀၀-၅၉၀ အထိ ဈေးနှုန်းမြင့်တက်ခဲ့သော ကြက်သွန်နီဈေးနှုန်းများ ဩဂုတ် ၁၈ ရက်တွင် ဈေးကွက်အတွင်းသို့ ကြက်သွန်နီပိဿာချိန် သုံးသိန်းနီးပါး ဝင်ရောက်ခဲ့မှုကြောင့် ငွေကျပ် ၂၅၀-၅၅၀ အထိ ဈေးနှုန်းလျော့ကျလျက်ရှိကြောင်း သိရသည်။

ယခင်နှစ် ဩဂုတ်လအတွင်းက ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၇၃၀ မှ ၈၁၀ အထိ ဈေးနှုန်းမြင့်တက်ခဲ့ခြင်းကြောင့် ယခုနှစ် ကြက်သွန်နီဈေးနှုန်းမှာ ယခင်နှစ်ထက်များစွာ လျော့ကျလျက်ရှိကြောင်း သိရသည်။ ယခုနှစ် ကြက်သွန်နီလှောင်သူများအနေဖြင့် ပုံမှန်ဈေးတက်လေ့ရှိသည့် အောက်တိုဘာလဈေးကွက်ကို စောင့်ဆိုင်းလျက်ရှိကြောင်း ကြက်သွန်နီပွဲရုံပိုင်ရှင်များ၏ ပြောကြားချက်အရ သိရသည်။

**ခင်ဆိုင်**

## လားရှိုးမြို့တွင် ပြန်/ဆက်ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေး ဆင့်ပွားသင်တန်းဖွင့်

**လားရှိုး ဩဂုတ် ၂၂**

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့်အရှိန်မြှင့်တင်မှု(Third Wave) လုပ်ငန်းစဉ်အရ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး ဆင့်ပွားသင်တန်းကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ရုံးခန်းမတွင် ဩဂုတ် ၂၁ ရက်က ဖွင့်လှစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယ



ညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်က (Third Wave) လုပ်ငန်းစဉ်မှ ပြုပြင်ပြောင်းလဲရေးအချက်အလက်များအား ရှင်းလင်းဆွေးနွေးပြီး ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများအားလုံးသည်လည်း မိမိဌာန၏ရည်ရွယ်ချက်များ အောင်မြင်နိုင်စေရေးအတွက် ကြိုးစားကြစေလိုကြောင်းနှင့် ပြုပြင်ပြောင်းလဲရေးရလဒ်များ ပြည်သူ့ထံသို့ရောက်ရှိရေး၊ Good governance, Clean government ဖြစ်လာစေရေး၊ လုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး၊ အရည်အသွေးမြင့်မားရေး၊ ကိုယ်ကျင့်တရားကောင်းမွန်အောင် ဆောင်ရွက်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စီမံချက်အသီးသီးဆောင်ရွက်ရေး၊ ဗဟိုချုပ်ကိုင်မှုလျှော့ချရေး၊ မြို့နယ်၊ မြို့နယ်ခွဲအလိုက် ဖွဲ့စည်းထားသည့် ကော်မတီသုံးရပ်နှင့် ပူးပေါင်းဆောင်ရွက်ပြီး ဒေသအလိုက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရေး အမှာစကားပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်(မြောက် ပိုင်း)ရှိ မြို့နယ်၊ မြို့နယ်ခွဲများသို့ ပြန်ကြားရေးဝန်ကြီးဌာနက လုပ်ငန်းများလုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ကင်မရာများအား မြို့နယ်၊ မြို့နယ်ခွဲ ကိုးမြို့နယ်သို့ ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်က သက်ဆိုင်ရာ ခရိုင်ဦးစီးအရာရှိများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး ဆင့်ပွားသင်တန်းကို ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ခရိုင်၊ မြို့နယ်နှင့် မြို့နယ်ခွဲများမှ အရာထမ်း၊ ဝန်ထမ်း စုစုပေါင်း ၆၁ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## သရုပ်ဆောင်များရန်ပုံငွေဘောလုံးပွဲကျင်းပမည်

**မန္တလေး ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ဘောလုံးအသင်းနှင့် အကယ်ဒမီလူမင်း၊ အကယ်ဒမီ ပြေတီဦး၊ မိုးယံဇွန်၊ ရာဇာနေဝင်း၊ သူထူးစံ၊ ဖိုးချစ်နှင့် သရုပ်ဆောင်များပါဝင်သော ရုပ်ရှင်အစည်းအရုံး ဘောလုံးအသင်းတို့၏ အောင်နိုင်ရေးရန်ပုံငွေဘောလုံးပြိုင်ပွဲကို ဩဂုတ် ၂၆ ရက် ညနေ ၃ နာရီတွင် မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရန်ပုံငွေဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲမစတင်မီ မွန်းလွဲ ၁ နာရီမှစတင်၍ ရုပ်ရှင်သရုပ်ဆောင် မိုးပြည့်ပြည့်မောင်၊ အေးမြတ်သူ၊ အိချောပိုနှင့် Model များက ခေတ်ပေါ်အဆိုအကအလှ အစီအစဉ်တို့ဖြင့် ပြိုင်ပွဲဝင်အသင်းများနှင့် ဘောလုံးအားကစားဝါသနာရှင်၊ စေတနာရှင်တို့အား ဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်ရာ ဘောလုံးပြိုင်ပွဲကို အားပေးနိုင်ရန်အတွက် ကြိုတင်လက်မှတ်များကို ဗထူးကွင်း အထူးတန်း၊ ရွှေမန်းတောင်အားကစားကွင်း၊ YYအားကစားပစ္စည်းဆိုင် (၇၇)လမ်း၊ (၃၂×၃၃) လမ်းကြား စူပါစတား FC ဘောလုံးသင်တန်းကျောင်း ချမ်းမြသာစည်မြို့နယ် အားကစားကွင်းနှင့် မန္တလေးခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနရုံးတို့တွင် ဝင်ခွင့်လက်မှတ်များ ကြိုတင်ဝယ်ယူနိုင်ကြောင်း သိရသည်။

**တင်မောင် (မန္တလေး)**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ဖျာပုံခရိုင်တရားရုံး၌**

**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၇**

ဦးမျိုးညွန့်၊ဦး(ဘ)ဦးဇင်ဦး **နှင့်**
၁၄/ဒဒရ(နိုင်)၀၃၁၄၁၇
အမှတ် (၆၈၀)၊ မင်းရဲကျော်စွာလမ်း၊
ကမာကဆစ်ရပ်ကွက်၊ ဒလမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

၁။ ဦးဇင်ဦး(ဘ)ဦးဂနီ
အမှတ် (၁၉)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
(၅)ရပ်ကွက်၊ ဖျာပုံမြို့။
၂။ ဦးလှဦး(ဘ)ဦးမောင်လေး
အမှတ် (၁၂၈)၊ ပင်းယလမ်း၊
(၁၇)ရပ်ကွက်၊ ဖျာပုံမြို့။
၃။ ဦးလှသန်းဦး(ဘ)ဦးမောင်လေး
အမှတ် (၁၉)၊ (၁၂၂)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
၄။ ဦးမြသန်းဦး(ဘ)ဦးမောင်လေး
ဂေါက်ကွင်းလမ်း၊ ဝန်ထမ်းအိမ်ရာ၊
(၁၂)ရပ်ကွက်၊ ဖျာပုံမြို့။
၅။ ဒေါ်အမာကြည်(ဘ)ဦးမောင်လေး
အမှတ်(၁၆)၊ ရွှေသာလျောင်းဘုရားလမ်း၊
(၄)ရပ်ကွက်၊ ဖျာပုံမြို့။
၆။ ဒေါ်မြင့်မြင့်ဦး(ဘ)ဦးဇင်ဦး
အမှတ်(၂၀)၊(၅၂)လမ်း၊ဗိုလ်တထောင်
မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၂၂)လမ်း၊ အမှတ် (၁၉)နေ (၃) တရားပြိုင် ဦးလှသန်းဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမျိုးညွန့်ဦးက ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်တရားရုံး၌ တရားမကြီးအမှုအမှတ် (၁၇/၂၀၁၄)ဖြင့် အမွေပုံစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဩဂုတ် ၂၉ရက် (၁၃၇၆ခုနှစ် တော်သလင်းလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေအဆိုပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဩဂုတ် ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မေလေးညို)**
**ခရိုင်တရားသူကြီး**
**ဖျာပုံခရိုင်တရားရုံး**

### ပန်းစကား

မရမ်းကုန်း မုဒိတာ(၁)နှင့် အင်းစိန်မုဒိတာ(၂) အိမ်ရာမှတိုက်ခန်းများ ဝယ်လို၊ ရောင်းလို၊ ငှားရမ်းလိုပါက ဆက်သွယ်နိုင်ပါသည်။

မီးဖိုခုံ၊ ကြွေပြားသံပန်း၊ သံတံခါးပြုလုပ်တပ်ဆင်ပေးသည်။

**ဖုန်း-၀၉-၂၅၀၄၄၈၃၃၉၊ ၀၉-၂၅၀၀၀၇၅၆၁**

### ရွှေရည်ပန်းစက် ရောင်းလိုသည်

(၁)မုဒိတာ(၁)၊ မရမ်းကုန်းမြို့နယ်
(၂)မုဒိတာ(၂)၊ အင်းစိန်မြို့နယ်
ဖုန်း-၀၉-၄၃၀၁၇၀၀၀၊ ၀၉-၅၀၈၉၇၆၄၊ ၀၉-၅၀၅၄၀၅၁

**မြေကွက်ဝယ်လိုသည်**

ဒဂုံမြို့နယ်အရှေ့ပိုင်း၊ တောင်ပိုင်းဆိပ်ကမ်းမြေကွက်များ ဝယ်လိုသည်။

**ဖုန်း-၀၉-၄၃၀၁၇၀၀၀၊ ၀၉-၅၀၈၉၇၆၄၊ ၀၉-၅၀၅၄၀၅၁**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးလက်ကတ္တရာလမ်း(၆)လမ်း (၂၈/၄)မိုင်၊ ကျောက်ချောလမ်း(၃၆)လမ်း (၇၆/၆)မိုင်၊ မြေသားလမ်း(၂၀)လမ်း (၅၈/၁)မိုင်၊ တံတား (၄) စင်း၊ ရေပွန် (၃)စင်း၊ ရေကျော် (၃)စင်းတို့အား တည်ဆောက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတွင်ရယူ၍ အောက်ပါအစီအစဉ်အတိုင်း တင်ဒါတင်သွင်းနိုင်ပါသည်-

(က) **တင်ဒါလျှောက်လွှာရယူမည့်ရက်** - ၂၁-၈-၂၀၁၄ရက်မှ ၂၀-၉-၂၀၁၄ရက်အထိ

(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်နှင့်အချိန်** - ၂၁-၉-၂၀၁၄ ရက် ၁၆း၃၀ နာရီ

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အမရပူရမြို့ ဖုန်း-၀၂-၇၀၄၃၁၊ ၀၂-၇၀၅၉၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

### အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ အမှတ်(၂)ရပ်ကွက်၊ နယ်မြေ(၃) ဦးပိုင်အမှတ်(၃၀/က) ဧရိယာ ၀ ဒသမ ၁၆၈ ဧကရှိ မြေဂရန်မြေကွက်အမည်ပေါက် ဦးလော်စစ်မင်း ၁၃/လရန(နိုင်)၀၁၈၆၁၃ ၏ မြေဂရန်ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း။

**ဦးလော်စစ်မင်း**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# တီးတိန်၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ ဂုဏ်ပြုအခမ်းအနားနှင့် ဘောလုံးပြိုင်ပွဲ ကျင်းပ

**တီးတိန် ဩဂုတ် ၂၂**

အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် ဂုဏ်ပြုအခမ်းအနားနှင့် ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၆ ရက် က ချင်းပြည်နယ် တီးတိန်မြို့၌ စည်ကားစွာကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားကို တီးတိန်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ခန်းမ၌ ကျင်းပပြီး တီးတိန်မြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးတင်မျိုးလတ်က အမှာစကားပြောကြားကာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခမ်ဆွင်းမုန်က ယနေ့ လူငယ်နှင့်အနာဂတ်ရည်မှန်းချက် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ချင်းတောင်ဒေသ သဘာဝသယံဇာတ စောင့်ကြည့်ရေးအဖွဲ့ဝင် ကိုထားတွောင်က အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ဖြစ်ပေါ်လာပုံအကြောင်းကိုလည်းကောင်း၊ သိက္ခာတော်ရဆရာ ဒေါက်တာပေါင်ကမ်းနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးကမ်လျန်ထန်တို့က လူငယ်များနှင့် ပတ်သက်သောသိသင့်သိထိုက်သည့် ဗဟုသုတများကိုလည်းကောင်းပညာပေးဟောပြောကြသည်။ **(ယာပုံ)**

ထို့နောက် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ကို ဂုဏ်ပြုသောအားဖြင့် တီးတိန်လူငယ်မိတ်သဟာရ အဖွဲ့ကြီး၏ စီစဉ်မှုဖြင့် ဘောလုံးပြိုင်ပွဲကို ကမ်ဟောက်အားကစားရုံ၌ ကျင်းပရာ ပြိုင်ပွဲဝင်ဘောလုံးအသင်း ခြောက်သင်း ပါဝင်ယှဉ်ပြိုင်ကြပြီးပထမဆုကို ပန်းမြို့တော်အသင်းကလည်းကောင်း၊ ဒုတိယဆုကို ရှင်သစ်မြေအသင်းကလည်းကောင်း၊ တတိယဆုကို စကော့လမ်းအသင်းကလည်းကောင်း ရရှိကြပြီး တီးတိန်လူငယ် မိတ်သဟာရအဖွဲ့ ဥက္ကဋ္ဌ ဦးနှုံးရှုန်းတွောင်နှင့် ချင်းတောင် ဒေသသဘာဝသယံဇာတ စောင့်ကြည့်ရေးအဖွဲ့ ခေါင်းဆောင် ဦးလျန်ခန့်တွောင်တို့က ဆုများချီးမြှင့်ပေးခဲ့ကြောင်းသိရသည်။

အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့ပေါ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ရပ်/ကျေးလူငယ်လူရွယ်များနှင့် ကျောင်းသူကျောင်းသားများ၊ ဘာသာရေးနှင့်လူမှုရေး အသင်းအဖွဲ့ ၂၀ ဖွဲ့မှ ကော်မတီအဖွဲ့ဝင်များ တက်ရောက်အားပေးခဲ့ကြကြောင်းနှင့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားကို တီးတိန်မြို့တွင် ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**





# လူငယ်များအတွက် ကွန်ပျူတာအခြေခံသင်တန်း အခမဲ့ဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၂၂**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်လူငယ်များဘဝမြှင့်တင်ရေးအတွက် အခြေခံကွန်ပျူတာသင်တန်းကိုဩဂုတ် ၁၈ ရက်မှစ၍အခမဲ့သင်ကြားပေးလျက်ရှိကြောင်းသိရသည်။

အခမဲ့ကွန်ပျူတာသင်တန်းကို ရွှေနံ့သာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဦးက ဦးစီးဖွင့်လှစ်ခြင်းဖြစ်ကာ ရွှေနံ့သာရပ်ကွက်ရှိလူငယ်လူရွယ်များ ကွန်ပျူတာဖြင့်ရင်းနှီးအကျွမ်းဝင်ပြီး အသုံးချတတ်စေရန်၊ အခြေခံပညာနှင့် အသိဉာဏ်ပညာတိုးတက်စေရန်ရည်ရွယ်ကာ တစ်နေ့ ရှစ်ချိန်ခွဲပြီး ပို့ချပေးလျက်ရှိကြောင်းနှင့် သင်တန်းတက်ရောက်သူများအား သင်ထောက်ကူစာအုပ်စာတမ်းများ အခမဲ့ပေးအပ်ကြောင်း သိရသည်။ သင်တန်းကို ဆရာ ဆရာမ ငါးဦးက အခမဲ့သင်ကြားပေးကာ သင်တန်းသားသင်တန်းသူ ၃၈ ဦးတက်ရောက်လျက်ရှိကြောင်း သိရသည်။ **(၄၀၆)**

# သွားနှင့်ခံတွင်း လူနာများ အခမဲ့ဆေးဝါးကုသပေး

**ကျောက်မဲ ဩဂုတ် ၂၂**

ကျောက်မဲမြို့ အမှတ်(၉) ရပ်ကွက် တောင်နောက်ကျေးရွာနှင့် အောင်မြေသာယာကျေးရွာများမှ ပြည်သူများအား ကျောက်မဲခရိုင် ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်များက သွားနှင့်ခံတွင်းရောဂါများကို ဩဂုတ် ၂၀ ရက်က အခမဲ့ ကုသပေးခဲ့ကြောင်း သိရသည်။

ကျောက်မဲခရိုင် ပြည်သူ့ဆေးရုံကြီးမှ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်အောင်ဦးဆောင်ပြီး သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာခင်နေကြည်အုန်း၊ ကျောင်းကျန်းမာရေးဌာနမှ ဒေါက်တာကျော်သိန်းထွဋ်နှင့်အဖွဲ့ဝင်များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်သော အထွေထွေရောဂါများကုသပေးခြင်း၊ သွားနှင့်ခံတွင်းဝေဒနာနှင့်လူနာများအား လိုအပ်သောဆေးဝါးများအခမဲ့ပေးခြင်း၊ အခမဲ့စမ်းသပ်ခွဲစိတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ ဆေးကုသပေးမှုကြောင့် သက်ကြီးရွယ်အိုများအတွက် များစွာ အဆင်ပြေသကဲ့သို့ ကလေးများအတွက်လည်း သွားရောဂါများကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ဆေးကုသမှုများကို နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave)လုပ်ငန်းစဉ်အား အကောင်အထည်ဖော်သည့်အနေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်အောင်၏ ပြောကြားချက်အရ သိရသည်။

ဆေးကုသပေးမှုလုပ်ငန်းများကို မြို့နယ်အထောက်ကူပြု ကော်မတီ ဥက္ကဋ္ဌဦးတင်ဝင်းနှင့် အဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ကူညီပံ့ပိုးခဲ့ပြီး လာရောက်ဆေးကုသကြသော လူနာများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်မိသားစု၊ မြို့နယ်အထောက်ကူပြုအဖွဲ့ဝင် ဦးကျော်အောင်မိသားစုနှင့် ဒေါ်နီနီမိသားစုတို့က သွားတိုက်ဆေးနှင့် သွားတိုက်တံများ လှူဒါန်းပေးအပ်ခဲ့ကြကြောင်း သိရသည်။ **(၀၉၀)**


## ကာယကံရှင်ကိုစိုးမင်းသန်းအား တောင်းပန်ပါကြောင်းနှင့် အများသိစေရန်

ဒေါက်တာအောင်မိုး (အထွေထွေရောဂါအထူးကုသမားတော်ကြီး) ရေးသားသော ကျန်းမာရေးအသိပညာပေးစာအုပ်ဖြစ်သည့် **သမားတော်ကြီးများကုသနေကြသော လေးဖက်နာရောဂါ**စာအုပ်တွင် အခြေခံကျန်းမာရေးတက္ကသိုလ်ကျောင်းသား ကိုစိုးမင်းသန်း၏ ဓာတ်ပုံကို ရိုက်၍ အသုံးပြုခဲ့မိခြင်းအတွက် ကာယကံရှင် ကိုစိုးမင်းသန်းအား တောင်းပန်အပ်ပါသည်။

ကာယကံရှင်ဓာတ်ပုံပိုင်ရှင်မှ သူ၏ဓာတ်ပုံပါဝင်နေသောစာအုပ်များအား ပြန်လည်သိမ်းဆည်းရမည်ဟု တောင်းဆိုလာပါသဖြင့် စာအုပ်ဝယ်ယူထားသူများအနေဖြင့် ဦးမြင့်(နဒီတိုက်) ဒီ/၁၉၂၊ ပြည်တော်သာလမ်း၊ ကံသာရပ်၊ မကွေးမြို့သို့ ယနေ့မှစ၍ လေးလအတွင်း ပြန်လည်ပေးပို့နိုင်ပါကြောင်းနှင့် စာအုပ်ဖိုးငွေ(ရပ်ဝေးမှပေးပို့ပါက စာတိုက်မှ ပို့ခအပါအဝင်) ပြန်လည် ပေးအပ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ဒေါက်တာအောင်မိုး**
**(အထွေထွေရောဂါအထူးကုသမားတော်ကြီး)**
**ဒေါက်တာအောင်မိုး ၁၂/အစန(နိုင်)၀၈၃၀၂၁**

## ဝန်ထမ်းအလိုရှိသည်
**(ပြည်တွင်း၌ခန့်ထားရန်)**

**TAI TELECOM DEVELOPMENT Co.,Ltd.**
**လိပ်စာ-1A/46၊ မြသီတာအိမ်ရာ၊ မေတ္တာလမ်း၊ (11) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ HP:+951561699, +959402627869**
**Accountant/ Assistant Accountant-(4) Post (F)**

- LCCI-Level (II) အောင်မြင်ပြီးသူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ သုံးနှစ်ရှိရမည်။ (အသက် ၃၀အောက်)
- နယ်တွင် တာဝန်ထမ်းဆောင်နိုင်သူဦးစားပေးမည်။
- အရည်အချင်းနှင့် ထိုက်တန်သောလစာပေးမည်။
- နေရေး၊ စာရေး တာဝန်ယူမည်။
- လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဓာတ်ပုံ (၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း ထောက်ခံချက်မိတ္တူတို့နှင့်အတူ ၃၀-၈-၂၀၁၄ရက် နောက်ဆုံးထား၍ အထက်ပါလိပ်စာအတိုင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

## တပ်ကြပ်သိန်းမြင့်-ဒေါ်သန်းသန်းနှင့် အများသိစေရန်ကြေညာချက်

တောင်ကြီးမြို့၊ ပြည်တော်သာရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၂၉၁)နေ ဦးမင်းမောင် ၁၃/တကန(နိုင်) ၀၈၅၆၇၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း တပ်ကြပ်သိန်းမြင့်-ဒေါ်သန်းသန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၂)ရပ်ကွက်၊ နယ်မြေ(၂)၊ အကွက်အမှတ်(၂၆)၊ မြေကွက်အမည်-ရေထွက်ဦးအနောက်၊ ဦးပိုင်အမှတ်(၄၆)၊ ဧရိယာ ၀ ဒသမ ၁၁၅ ဧကရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအားလုံးကို တပ်ကြပ်သိန်းမြင့်အမည်ဖြင့် ဂရန်အမှုတွဲအမှတ် (၂၁/၂၀၀၁-၂၀၀၂)အရ အမည်ပေါက်သည်ဟုသိရပြီး အဆိုပါမြေကွက်ကို တပ်ကြပ်သိန်းမြင့်၏ဇနီး ဒေါ်သန်းသန်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းမောင်က ဝယ်ယူ၍ ဂရန်နှင့်တကွ မြေကွက်ကို လက်ဝယ်ရယူခဲ့ပြီးဖြစ်ပါသည်။အဆိုပါမြေကွက်နှင့်ပတ်သက်၍ ရောင်းချသူ တပ်ကြပ်သိန်းမြင့်၏ဇနီး ဒေါ်သန်းသန်းမှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် လာရောက်ချုပ်ဆိုပေးပါရန်နှင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါရှိပြီး ခုနစ်ရက်အတွင်း စာရွက်စာတမ်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ခုနစ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးညီညီဇော် LL.B**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၈၇၀၅/၂၀၁၃)**
**အမှတ်(ရ/၆၁၄)၊ တောင်တန်းရှည်လမ်း၊နယ်မြေ(၃)၊ ရွှေတောင်ရပ်ကွက်၊ တောင်ကြီးမြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ ဦးဝင်းမြင့်-ဒေါ်သီတာထွန်းတို့၏ သား မောင်တိုးဝေရန်အောင် ၁၂/လမန(နိုင်)၁၅၄၄၄၅ သည် မိဘဆွေမျိုးသားချင်းများအပေါ် လိမ်လည်ပြောဆိုခြင်း၊ စိတ်ဆင်းရဲအောင်အမျိုးမျိုးပြုလုပ်ခြင်းများကို အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကိုလုံး၀(လုံး၀) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါရန်)**

**ဦးဝင်းမြင့် ၁၂/လမန(နိုင်)၀၅၁၄၃၉**
**ဒေါ်သီတာထွန်း ၁၂/လမန(နိုင်)၀၀၃၆၀၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့် ၁၊ မြေကွက်နံပါတ်(၄၉၂)၊ (၄၉၃) မြေကွက်နှစ်ကွက်အားကျွန်ုပ်မှ မြေကွက်အမည်ပေါက် ဒေါ်ကြည်ကြည်မြင့် ၇/အဖန(နိုင်)၀၅၈၁၃၃ ပါမစ်မူရင်းထံမှ ဝယ်ယူရန်အတွက်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုမင်းခန့်**
**၁၂/တမန(နိုင်)၁၀၂၅၂၉**
**ဖုန်း-၀၉-၄၉၃၀၀၉၆၇၊**
**၀၉-၄၂၀၁၈၅၅၉၉**

## ကန့်ကွက်နိုင်ပါကြောင်း

အောက်ပါပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဌာနသို့ ယှဉ်တွဲဖော်ပြပါ အကြောင်းအရာအတိုင်း လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း ဤဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူ | | | လျှောက်ထားသည့် | | | | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| | အမည် | မှတ်ပုံတင် | လိပ်စာ | မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | |
| | ဒေါ်ဝါဝါ+၂ | ၁၂/ဥကမ(နိုင်)၁၁၉၃၄၄ | မြေ၉(က)၊ [illegible]လမ်း၊ (၁၂)ရပ်ကွက် | မြောက်ဥက္ကလာပ | ၁၂ | မြေ၉(က) | ဦးဝင်းကြည် | အမည်ပြောင်း |

**ဌာနမှူး(ကိုယ်စား)၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

ဌာနဆိုင်ရာနှင့်စီးပွားရေးကြော်ငြာ

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်အတွင်းရှိ ကျောက်မဲမြို့နယ်၊ သီပေါမြို့နယ်၊ နောင်ချိုမြို့နယ်၊ နမ္မတူမြို့နယ်၊ နမ့်ဆန်မြို့နယ်၊ မန်တုံမြို့နယ်၊ မိုးမိတ်မြို့နယ်၊ မဘိမ်းမြို့နယ်၊ မိုင်းလုံမြို့နယ်နှင့် မိုင်းငေါ့မြို့များမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်ဆောင်ရွက်မည့် ပြည်နယ် လမ်း/တံတား လုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော သစ်မာခွဲသား(ရှယ်စုံ)၊ တောသစ်ခွဲသား (ရှယ်စုံ)၊ မျော(သစ်မာ)၊ မျော(အခြားသား) (၄"-၆"Ø၊ ၁၀"-၁၂"Ø) စသည့် လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက် အပိုင်းအလိုက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဝယ်ယူလိုသည့် လမ်းခင်းကျောက်များနှင့် လုပ်ငန်းခွင်သုံးပစ္စည်းများ၏ အရေအတွက် အသေးစိတ်စာရင်းနှင့် တင်ဒါလျှောက်လွှာပုံစံများကို ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကျောက်မဲခရိုင်တွင် ၁၄-၈-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါအမှတ်** **အမှတ်(၃)(၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်)**

၁။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၁-၈-၂၀၁၄ ရက် ၁၆း၃၀ နာရီ

၂။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၂-၈-၂၀၁၄ ရက် ၁၀း၀၀ နာရီ

၃။ **တင်ဒါတင်သွင်း/စိစစ်** - ခရိုင်အင်ဂျင်နီယာမှူးရုံး
**ရွေးချယ်မည့်နေရာ** ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ကျောက်မဲခရိုင်/ကျောက်မဲမြို့
ဖုန်း-၀၈၂-၄၀၀၄၉၊ ၀၈၂-၄၀၇၇၆

၄။ အသေးစိတ်အချက်အလက်များသိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**
**မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနမှ**
**အငြိမ်းစားဝန်ထမ်းများသိစေရန်**

## အကြောင်းကြားစာ

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းသည် မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနအဖြစ်သို့ ၁-၈-၂၀၁၄ရက်တွင် ပြောင်းလဲ၍ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့ရုပ်ရှင်လုပ်ငန်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားဝန်ထမ်းများသည် ပင်စင်ဦးစီးဌာန၏ အကြောင်းကြားစာရရှိပါက ၂၀၁၄ခုနှစ် ဩဂုတ်လမှစ၍ အငြိမ်းစား လစာများထုတ်ယူနိုင်ရေးအတွက် မိမိတို့ကြိုတင်ဆန္ဒပြုထားသော မြန်မာ့စီးပွားရေးဘဏ်ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။

**အရွယ်မရောက်သေးသောသူငယ်ကို အုပ်ထိန်းသူလူကြီးအဖြစ်**
**ခန့်ထားရန် လျှောက်ထားကြောင်း**

## အကြောင်းကြားစာ

**(အုပ်ထိန်းသူလူကြီးတို့နှင့် အုပ်ထိန်းခံရသူလူငယ်တို့အက်ဥပဒေပုဒ်မ ၁၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၄ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၅၁**

ဒေါ်သီတာအေး **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သရေခေတ္တရာ ၁၉လမ်း၊ အမှတ် ၉၃၇/ခရပ်နေ အရွယ်မရောက်သေးသောသူငယ် မသော်သော်လင်းနှင့် ၄င်းပိုင်သောပစ္စည်းအကြောင်း။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သရေခေတ္တရာ ၁၉လမ်း၊ အမှတ် ၉၃၇/ခနေ ဒေါ်သီတာအေးက အပေါ်က အမည်ရေးသားပါရှိသော အရွယ်မရောက်သေးသောသူငယ် မသော်သော်လင်း၏ မိခင်ဖြစ်သည်ဟူ၍ ၄င်းသူငယ်၏ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ်ခန့်ထားပါမည့်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားချက်ကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်တော်မူသည်။ ထိုလျှောက်ထားချက်ကိုလည်း ၂၀၁၄ခုနှစ် စက်တင်ဘာ ၁၁ရက် (၁၃၇၆ခုနှစ် တော်သလင်းလပြည့်ကျော် ၃ရက်)မွန်းမတည့်မီ ၁၀နာရီတွင် ဆိုင်ဆိုရန်ချိန်းချက်မှုသည်။

၂၀၁၄ခုနှစ် ဩဂုတ် ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဟန်သိန်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**သဃ်န်းကျွန်းမြို့နယ်တရားရုံး**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၇၅**

ဒေါ်ညွှန့်ညွှန့်(ခ)လီချူးမေ **နှင့်** ဦးမျိုးမြင့်နိုင်(ခ)ဦးမင်းမင်း
**တရားလို** **တရားပြိုင်**

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ငါးကြီးကျေးရွာ၊ ဆွာမြို့နေသူ ဦးမျိုးမြင့်နိုင်(ခ) ဦးမင်းမင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် စက်တင်ဘာ ၂၂ရက် (၁၃၇၆ခုနှစ် တော်သလင်းလပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဩဂုတ် ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးမင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**သဃ်န်းကျွန်းမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၄၀၄**

ဒေါ်ခင်စန္ဒာအုန်း **နှင့်** ဒေါ်ကြည်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ ကောက်လျင်လမ်း၊ အမှတ် ၈/ကနေ ဒေါ်ကြည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်ခင်စန္ဒာအုန်းက ဂရန်မြေနှင့်အိမ်အပြီးသတ်အရောင်းအဝယ်ကတိစာချုပ်ပါအတိုင်း ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် စက်တင်ဘာ ၂ရက် (၁၃၇၆ခုနှစ် တော်သလင်းလဆန်း ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဩဂုတ် ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းသီတာ)**
**ခရိုင်တရားသူကြီး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၉၈**

ဦးခင်အောင် **နှင့်** ဒေါ်သန်းတင်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်း၀ ၉ လမ်း၊ အမှတ် ၈၈၉နေ ဒေါ်သန်းတင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးခင်အောင်က နေအိမ်မြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဩဂုတ် ၂၇ရက် (၁၃၇၆ခုနှစ် တော်သလင်းလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၄ခုနှစ် ဩဂုတ် ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မောင်ဆွေ)**
**မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်လှမြင့် ၁၂/အစန(နိုင်)၀၇၅၇၂၆၏သား မောင်ရဲအောင်(ခ)ဇာနည်အောင် ၁၂/အစန(နိုင်)၁၈၁၉၁၀အား ယနေ့မှစ၍ မိဘမောင်နှမများကို စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပါသဖြင့် အမွေပြတ်စွန့်လွှတ်ပါကြောင်း မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးညွှန့်အောင်(ဘ)ဦးဆယ် ၉/ပမန(နိုင်)၀၀၄၈၀၅ ကိုင်ဆောင်သူနှင့်**

## အများပြည်သူသိရှိစေရန် ကြေညာခြင်း

ပျော်ဘွယ်မြို့၊ ပျော်ဘွယ်မြို့နယ် မြေစာရင်းဦးစီးဌာနဝင်းနေ ဦးညွှန့်အောင်၏သမီး ဒေါ်ခင်မာချို ၁၂/သဃက(နိုင်)၀၆၂၉၁၃၏ လွှဲအပ်ညွှန်ကြားချက်အရ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ ဦးစိန်လမ်းကြား၊ အမှတ်(၈/၅၇)နေ ဦးညွှန့်အောင်နှင့် အများပြည်သူသိရှိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ပျဉ်းမနားမြို့ ဗိုလ်ချုပ်လမ်း၊ ရွှေချီရပ်ကွက်နေ ဦးညွှန့်အောင်နှင့်ဇနီး ဒေါ်ခင်နိုင်တို့ဇနီးမောင်နှံတို့နှစ်ဦးမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မာချိုအား ငယ်စဉ်ကလေးဘဝကတည်းကပင် အတူနေထိုင်၍ သားသမီးအရင်းကဲ့သို့ ချစ်ခင်မြတ်နိုးစွာ ကိတ္တိမသမီးအဖြစ် အမွေစားအမွေခံမွေးစားခဲ့ပါသည်။ မိခင်ဒေါ်ခင်နိုင်မှာ ၇-၄-၂၀၁၀ရက်တွင် ကွယ်လွန်သွားခဲ့ပြီးနောက် မရွှေ့မပြောင်းနိုင်သောပစ္စည်းများအဖြစ် ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ ဗိုလ်ချုပ်လမ်းရှိ အကွက်အမှတ်(၁၂)၊ ဦးပိုင်အမှတ်(၁၄၃-ဈ)၊ ဧရိယာ ၀ဒသမ ၀၁၃ဧကခန့်နှင့် ဦးပိုင်အမှတ်(၁၄၃-ဃ)၊ ဧရိယာ(၀ဒသမ ၀၁၃)ဧကခန့် အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ RC တစ်ထပ်တိုက်ခန်းတစ်ခန်း၊ ယင်းတိုက်ခန်းတို့တွင် တပ်ဆင်ထားသော အိမ်သုံးလျှပ်စစ်မီတာ တစ်လုံးနှင့် မြေပေါ်ရှိ ပေါက်ရောက်သစ်ပင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ဖခင် ဦးညွှန့်အောင်နှင့် ကွယ်လွန်သူမိခင် ဒေါ်ခင်နိုင်တို့နှစ်ဦးအမည်ဖြင့် ပိုင်ဆိုင်ကျန်ရှိခဲ့သောပစ္စည်းများဖြစ်ပါသည်။ မိဘများဖြစ်ကြသော ဦးညွှန့်အောင်နှင့် ဒေါ်ခင်နိုင်တို့အပါအဝင် သမီး ဒေါ်ခင်မာချိုတို့မှာ မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြပါသည်။

မိခင် ဒေါ်ခင်နိုင်ကွယ်လွန်ပြီးနောက် ဖခင် ဦးညွှန့်အောင်မှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်မာချိုအား သားအရင်း သမီးအရင်းကဲ့သို့ ခိုင်မာစေရန် ဒိုက်ဦးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဦးစီးဌာနရုံးတွင် အမွေစားအမွေခံကိတ္တိမမွေးစားစာချုပ် မှတ်ပုံတင်အမှတ်(၂/၂၀၁၁)ဖြင့် တရားဝင်မှတ်ပုံတင်မွေးစားစာချုပ်ချုပ်ဆို၍ မွေးစားခဲ့ပါသည်။ ယခုအခါ ဖခင် ဦးညွှန့်အောင်မှ ဒေါ်ဝေဝေစိုးဆိုသူနှင့် ၄-၁၁-၂၀၁၁ရက်ခန့်တွင် နောက်အိမ်ထောင်သစ်ကို ထူထောင်ခဲ့ပါသည်။ အထက်ဖော်ပြပါဂရန်မြေကွက်နှင့် မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်ပစ္စည်းများနှင့်ပတ်သက်၍ ဦးညွှန့်အောင်နှင့် သမီးဖြစ်သူ ဒေါ်ခင်မာချိုတို့နှစ်ဦးသာလျှင် အမွေဆက်ခံသူများအဖြစ် ကျန်ရှိခဲ့ပါသည်။ အထက်ပါမြေကွက်များအား ဖခင် ဦးညွှန့်အောင်မှ နောက်အိမ်ထောင်ပြုပြီးနောက် အခြားသူတစ်ဦးဦးထံသို့ အပြီးပိုင်လွှဲပြောင်းရောင်းချရန် စီစဉ်ဆောင်ရွက်နေကြောင်း ကြားသိရပါသည်။ ထို့ကြောင့် မိခင် ဒေါ်ခင်နိုင်နှင့် ဖခင် ဦးညွှန့်အောင်တို့နှစ်ဦးပိုင်ပစ္စည်းများအဖြစ် ကျန်ရှိခဲ့သော အထက်ပစ္စည်းများအပြင် ရွှေ့ပြောင်းနိုင်သော လက်ဝတ်ရတနာ ရွှေထည်ပစ္စည်းများနှင့်အခြားပစ္စည်းရပ်များအား အမွေစားအမွေခံကိတ္တိမသမီးဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မာချိုမှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေပစ္စည်းခွဲဝေပေးရန်အတွက် ဥပဒေနှင့်အညီ တရားတစ်ထုံးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မာချို၏သဘောတူညီချက်မပါဘဲ အထက်ဖော်ပြပါ မြေကွက်များအား ဦးညွှန့်အောင်နှင့်ဒေါ်ခင်နိုင်တို့အမည်မှလွှဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်ထံသို့ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမည်လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ တစ်စုံတစ်ရာမပြုလုပ်ကြရန်နှင့် ရောင်းမှားဝယ်မှားမဖြစ်ကြစေရန်နှင့် တစ်စုံတစ်ရာပြုမူဆောင်ရွက်ခဲ့ပါက ပြုလုပ်သူများအားလည်း ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆုံးရှုံးနစ်နာမှုများမဖြစ်မိကြစေရန် ဦးညွှန့်အောင်နှင့် အများပြည်သူသိရှိနိုင်ရန်အတွက် ကန့်ကွက်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **ဒေါ်ကေခိုင် LL.B,D.B.L** | **ဦးလင်းထင် LL.B,D.B.L,D.I.L** |
